ရှေ့ကမြင် / The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ သောကြာနေ့၊ (16-9-2005)(၄၇၂၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုပြည်ထောင်စု လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၆ရက်၌ကျရောက်သော မက္ကဆီကို ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုနိုင်ငံသမ္မတ မစ္စတာ ဗီဆန်တေး ဖောက်စ် ကေဆာဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၆ရက်၌ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာ ပေါလ် လီးယာစ် မာတာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၅

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကများဖြစ်ကြသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

ကြည့်ရှုစစ်ဆေး

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အသုံးပြုမည့် ပို့စကတ်များ၊ ပြိုင်ပွဲ၏ နောက်ခံဒီဇိုင်းပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်မည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၆–၉–၂၀၀၅
(သောကြာနေ့)

မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ် ဖော်ထုတ်ယှဉ်ပြိုင် အမျိုးသားရေးဂုဏ်ဒြပ်ကို ထိန်းသိမ်းမြှင့်တင်

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် သိမ်မွေ့ပြီး ကျယ်ဝန်းနက်ရှိုင်း အဆင့်အတန်းမြင့်မားသည့်အပြင် အမျိုးသားရေးအနှစ်သာရများဖြင့် ပြည့်စုံထုံမွှမ်းလျက်ရှိသည်။ မြန်မာ့အနုသုခုမပညာရပ်များ၊ မြန်မာ့စာပေကျမ်းဂန်များသည် မြန်မာလူမျိုးများအား မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ နီတိကျင့်ဝတ်စည်းကမ်းနှင့် ထုံးတမ်းဓလေ့များကို ညွှန်ပြလျက်ရှိသည်။

တစ်နည်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို ကောင်းစွာသိရှိပြီး လက်ခံကျင့်သုံးလာစေရေး၊ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးပြီး မျိုးရိုးအစဉ်အလာ ထိန်းသိမ်းရေး စရိုက်ကောင်းများ ဖြစ်ထွန်းလာစေရေးတို့အတွက် ညွှန်ပြသွန်သင် ပဲ့ပြင်ပေးလျက်ရှိနေပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဟူ၍ သီးသီးသန့်သန့်ဖြင့် မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်လက္ခဏာများ ယနေ့တိုင် ခိုင်ခိုင်မာမာ တည်တံ့ထင်ရှားနေခြင်းဖြစ်သည်။

မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် မိမိတို့၏ ကိုယ်ပိုင်အမျိုးသား ယဉ်ကျေးမှုတို့ကို အချိန်ကာလ တိုက်စားမှု၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်နှောင့်ယှက်မှုတို့ကြောင့် မတိမ်းပါး၊ မယိုယွင်း၊ မပျက်စီးစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။

နိုင်ငံတော်က နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ကို ပိုမိုခိုင်မာမြင့်မားစေရေးအတွက် တစ်ခန်းတစ်ကဏ္ဍက ဖြည့်ဆည်းပေးနေပေသည်။

ထို့အပြင် အနုသုခုမပညာရှင်များကလည်း အမျိုးသားယဉ်ကျေးမှု တိုးတက်ထွန်းကား မြင့်မားရေးတာဝန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် လူမှုစရိုက်လက္ခဏာများ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်မှု မပြုနိုင်စေရေးအတွက် ကာကွယ်ရမည့် တာဝန်များကို ကျရာကဏ္ဍမှ သယ်ပိုးထမ်းရွက်လျက်ရှိပေသည်။

ယခုနှစ်တွင် ကျင်းပမည့် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို–

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာဆိုင်ရာ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းရုံမျှမက လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးစောင့်ထိန်းလိုသည့် စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို လေးစားချစ်ခင်သည့်စိတ်ဓာတ်စသော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ဝါရင့်၊ သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အနုပညာရှင်များအနေဖြင့် မကြာမီကျင်းပတော့မည့် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် နှစ်ပေါင်းထောင်ချီ၍ ရပ်တည်နိုင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ်ကို ဖော်ထုတ်ယှဉ်ပြိုင်ရင်း မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးဂုဏ်ဒြပ်ကို ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း စက်ရုံ၊ အလုပ်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်း အောင်လံမြို့ နယ်မြေခံ တပ်ရင်းဧည့်ခန်းမ၌ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တာဝန်ရှိသူများ၊ လယ်မ–သာစည်–ရွှေပန်းတောလေးရှိ ဝါစိုက်ခင်းတာဝန်ခံများနှင့် တွေ့ဆုံရာ ဝါစိုက်ပျိုးမှုနှင့် ဝါထွက်ရှိမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၁၀နာရီတွင် ပဲခူးတိုင်း ပြည်မြို့သို့ ရောက်ရှိ၍ မြန်မာ့စားသောက်ကုန် လုပ်ငန်း မြစန္ဒာအချိုရည်နှင့် ရေခဲစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများမြှင့်တင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ရွှေတောင်မြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ရွှေတောင် အဆင့်မြင့် ချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး အသစ်တပ်ဆင်ပြီးဖြစ်သည့် ဗိုင်းတောင့်စက်၊ စက်သစ်များအစားထိုး၍ စက်များလည်ပတ်ထုတ်လုပ်လျက်ရှိသော ချည်ငင်စက် ၁၀၀ ၏ အခြေအနေ၊ ရက်ကန်းစက် ၆၀၀ ၏ အခြေအနေ၊ ပိတ်စစ်ဌာနရှိ စက်ရုံမှ တီထွင်ထုတ်လုပ်ထားသည့် စက်အရန် ပစ္စည်းများ၊ စက်ရုံထုတ်ဆေးဆိုးပန်းရိုက်ထည်များနှင့် ချုပ်ပြီးအဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များမှာကြားသည်။ ဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးတိုင်း သာယာဝတီမြို့ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြား စက်ရုံ (သာယာဝတီ)၏ ကုန်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှု စစ်ဆေး သည်။ ထို့နောက် ဝန်ကြီးသည် ရေအိမ်သုံး ပစ္စည်း ထုတ်လုပ်ရေး အဆောက်အအုံသစ်တည်ဆောက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း ပဲခူးတိုင်း သာယာဝတီမြို့ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ)မှ ထုတ်လုပ်သော ပန်းကန်ခွက်ယောက်များကို ကြည့်ရှုစစ်ဆေးစဉ်။(စက်မှု–၁)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မြို့တွင်းလမ်းများ တိုးချဲ့ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်း အဓိကကျသောလမ်းများ၌ ယာဉ်သွားလာမှု လွယ်ကူစေရေးအတွက် လမ်းအကျယ် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် စက်တင်ဘာ ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ (၆၂)လမ်းကို လမ်းသားအကျယ် တိုးချဲ့ခြင်းလုပ်ငန်း၊ ရတနာပုံ တက္ကသိုလ်အဝင် တောင်သမန်ကန်ပတ်လမ်းကို လမ်းသားအကျယ်တိုးချဲ့ဖောက်လုပ်ခြင်းနှင့် ကန်ပတ်လမ်း ကန်ရေတိုက်စားမှုဒဏ်ခံနိုင်ရန် ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုနှင့် အောင်မြေသာစံမြို့နယ်အတွင်းရှိ (၈၆)လမ်းကို လမ်းသားအကျယ်တိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက်မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းအဝိုင်းပတ်သို့ ရောက်ရှိ၍ အဆိုပါ အဝိုင်းပတ်မှ ပြင်ဦးလွင်မြို့သွား ရထားလမ်းအထိ(၆၂)လမ်းကို မူလ အကျယ်ပေ ၂၃ ပေမှ လေးလမ်းသွား ၄၈ ပေအထိ တိုးချဲ့ကတ္တရာလမ်း ဖောက်လုပ်သွားရန် စက်ယန္တရားကြီးများဖြင့် မြေသားညှိခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မန္တလေးမြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် အဝင် တောင်သမန် ကန်ပတ်လမ်း (အရှေ့ခြမ်း)သို့ ရောက်ရှိ၍ လမ်းသားအကျယ်တိုးချဲ့ခြင်းနှင့် ကန်ပတ်လမ်းကို ကန်ရေတိုက်စားမှု ဒဏ်ခံနိုင်ရန် အဆိုပါ ကန်ပတ်လမ်းတစ်လျှောက်၌ ကျောက်ရိုးစီ မြေထိန်း နံရံတည်ဆောက်ပြီးစီးမှုကို စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မန္တလေးမြို့တော်ဝန်သည် အောင်မြေသာစံမြို့နယ် အတွင်း (၂၆)လမ်းမှ (၁၂)လမ်းအထိ (၈၆)လမ်းတစ်လျှောက်၌ လမ်းအကျယ်ပေ ၄၀ အထိ တိုးချဲ့ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်းကာတုံးနှင့် လူသွားစင်္ကြံများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ကကြီးမှူး၍ (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားအလေးမပြိုင်ပွဲနှင့် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအလေးမပြိုင်ပွဲ အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။ (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အလေးမအားကစားမောင်မယ်များသည် စက်တင်ဘာ ၁၉ရက် ညနေ ၄နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်(ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း)သို့ အမည်စာရင်းများ ပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးစန်းမြင့်(ငြိမ်း)ဖုန်း– ၃၈၈၁၆၀ ထံ စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

လူမှုဝန်ထမ်း ဦးစီးဌာနသို့ Latter Day Saints Charities မှ ဘီးတပ်ကုလားထိုင် အစီး ၅၀၀ လှူဒါန်းပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကျေးဇူးတင်စကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်လက်ခံ

ရန်ကုန် စက်တင်ဘာ ၁၅

လူမှုဝန်ထမ်းဦးစီးဌာနသို့ Latter Day Saints Charities မှ ဘီးတပ်ကုလားထိုင် အစီး ၅၀၀ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန(IBC) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Latter Day Saints Charities ၏ Regional Director Mr. Sott F.Hansen က ဘီးတပ်ကုလားထိုင်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Latter Day Saints Charities ၏ Country Director Mr. Kelvyn H.Cullimoreနှင့် ဇနီးတို့က ဘီးတပ်ကုလားထိုင်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဘီးတပ်ကုလားထိုင်များ လှူဒါန်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသော လူမှုဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်း အား လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းခိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက ဘီးတပ်ကုလားထိုင်များ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခွဲဝေလှူဒါန်း

အဆိုပါ ဘီးတပ်ကုလားထိုင်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဘိုးဘွားရိပ်သာများ၊ မသန်စွမ်း သင်တန်းကျောင်းများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အဖွဲ့ချုပ်နှင့် မသန်စွမ်းသူ တစ်ဦးချင်းအား ထပ်ဆင့်ခွဲဝေလှူဒါန်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ကိုးပါးသီလတရားတော် ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၅

၁၃၆၇ခုနှစ် တော်သလင်းလပြည့်နေ့၊ စက်တင်ဘာ ၁၇ ရက် (စနေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များ အပြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မက္ကဆီကိုပြည်ထောင်စု လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်၌ ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ လူးဝစ် အာနက်စတို ဒါဘီး(ဇ်) ဘောင်တစ်(စ်)တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပါပူးဝါးနယူးဂီနီနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၆ရက်၌ ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာ ရာဘီ နာမာလီယူ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသော ပြည်နယ်နှင့် တိုင်းဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်) အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ) အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြပြီး (င)အုပ်စု တပခဇုန်(တောင်ငူ) အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းနှင့် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ သိရှိရန် သတင်းကြေညာချက်ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ယနေ့သတင်းကြေညာချက်ထုတ်ပြန်သည်။

ယင်းသတင်းကြေညာချက်တွင် တက္ကသိုလ်ဝင် စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးတွင် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၃ ရက်မှစတင်၍ သတ်မှတ်ထားသော နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁) (၅) (၆) (၇) (၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂) (၃) (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိတို့ အမှန်တကယ် နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံး၌ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၃ ရက်မှ အောက်တိုဘာ ၃၁ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဓွဲကပင်ဆောင်)၌ လာရောက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က သတင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ (သတင်းစဉ်)



ကွယ်လွန်သူ ဗိုလ်ကြီးစစ်နိုင်(ငြိမ်း)အား ရည်စူး၍ ရန်ကင်းမြို့နယ် ကျောက်ကုန်း အောင်ဇေယျလမ်း မြရတနာခြံနေ ဒေါ်မြမြဝေ (မြမိသားစု)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်းနှင့် ဘီးတပ်ကုလားထိုင် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၅ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	လိပ်ပုတ်သင်ညို
၇:၂၀	ပြည်တွင်းသတင်းအကျဉ်း
၇:၂၅	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	ကာယဗလ လေ့ကျင့်နည်းစနစ်
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ပြည်သူ့အတွက်ကျန်းမာရေး (အရေပြား လေးဖက်နာရောဂါ မေးမြန်းခန်း)
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	သီးနှံရောဂါများထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့ (အပိုင်း-၂)
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ကြက်လည်လိမ်ကာကွယ်ဆေးထုတ်လုပ်ပေး
၁၀:၀၀	ဆူနာမီရေလှိုင်းကာကွယ်ရေးအကြောင်းသိကောင်းစရာ
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	သင်ယူစရာပန်းချီပညာ (စိတ်ကူးအာရုံဖြင့် ရေးဆွဲခြင်း)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်	
၁၀:၀၀	ပွဲကြိုသုံးသပ်ချက် လိုင်း 5-Cartoons(Dealy)
၁၀:၃၀	Goals 5-Cartoons(Dealy)

မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်စ်မြို့တွင် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ယာဉ်အချို့ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလသမဂ္ဂထိပ်သီးညီလာခံသို့ တင်သွင်းမည့်စာတမ်းများ အပြီးသတ်ပြုစုရန် လုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲများ ကျင်းပ

ကုလသမဂ္ဂ စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၄ ရက်တွင် စတင်မည့် ကုလသမဂ္ဂထိပ်သီးညီလာခံသို့ တင်သွင်းမည့် စာလွှာစာတမ်းများအား ကုလသမဂ္ဂလုပ်ငန်းအဖွဲ့တစ်ဖွဲ့က အပြီးသတ်ပြုစုရန် နောက်ဆုံးအကျော့ဆွေးနွေးပွဲများကို တနင်္လာနေ့ညက ပြုလုပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ၌ အတန်အသင့် တိုးတက်မှုများရှိလာကြောင်း၊ နိုင်ငံခြား အကူအညီပေးအပ်ခြင်းနှင့် ကြွေးမြီ သက်သာခွင့်ပေးခြင်းတို့တွင်လည်းလုပ်ငန်းများတိုးတက်မှုရှိကြောင်း၊ သို့ရာတွင် ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုင်ရာ စာလွှာစာတမ်းနှင့် ပတ်သက်၍ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့အကြား ဖြစ်ပေါ်နေသည့် စကားလုံးအသုံးအနှုန်းများကို ညှိနှိုင်းရန် လိုအပ်ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် အဆိုပြုချက်များနှင့်ပတ်သက်၍ အမေရိကန်နှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက လိုက်လျောရန် ငြင်းဆန်နေဆဲ ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

လူမျိုးရေးအရ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများ၏ ခြိမ်းခြောက်မှုကို တွေ့ကြုံနေရသော အရပ်သားများအား ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ဝတ္တရားနှင့်ပတ်သက်၍ စာလွှာစာတမ်း ပြုစုရာတွင် ဆွေးနွေးပွဲ တက်ရောက်လာသူများ သဘောတူညီမှုရရှိကြသည်။

ငြင်းဆို

အကြမ်းဖက်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ဆွေးနွေးကြရာတွင် သဘောတူညီသည့်အချက်မှာ အကြမ်းဖက်မှုကိုနိုင်ငံရေးအရအဓိပ္ပာယ်ဖွင့်ဆိုချက် မထည့်သွင်းရန်ဖြစ်သည်။ အမျိုးသားရေး လွှပ်ရှားမှုများအား ဥပဒေအရ အသိအမှတ်ပြုရေး အချက်အား စာလွှာစာတမ်းမူကြမ်း၌ ထည့်သွင်းနိုင်ရေးအတွက် နိုင်ငံအချို့၏ ပန်ကြားချက်ကို စဉ်းစားသုံးသပ်ရန် အနောက်နိုင်ငံများက ငြင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်နိုင်ငံသားတစ်ဦး ပြန်ပေးဆွဲခံရ ပြန်ပေးသမားများက အင်တာနက်တွင် ကြေညာ

ဒူဘိုင်း စက်တင်ဘာ ၁၄

လက်ဘနွန်နိုင်ငံသားတစ်ဦးသည် အီရတ်ရှိ အီရတ်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များအား အရက်သေစာများရောင်းချနေမှုကြောင့် ပြန်ပေးဆွဲခဲ့ကြောင်း အမည်မသိ အစ္စလမ္မစ်အုပ်စုတစ်စုက အင်တာနက်တွင်ကြေညာခဲ့သည်။

မှတ်ဆိတ်နှင့်လူတစ်ဦးက ၎င်း၏ အသက်ကို ကယ်တင်နိုင်ရေးအတွက် ၎င်း၏ လုပ်ငန်းပိုင်ရှင်များအား အီရတ်နိုင်ငံမှ ရုပ်သိမ်းရန် တောင်းဆိုထားပုံကို အင်တာနက်တွင် တနင်္လာနေ့က ဖော်ပြသွားသည်။ လက်နက်ကိုင်ဆောင်သူတစ်ဦးက ရိုင်ဖယ်သေနတ်ဖြင့် ချိန်ထားပြီး မြေကြီးပေါ် ထိုင်နေသည့် ၎င်း၏ ရုပ်ပုံကို အင်တာနက်တွင် ဖော်ပြခဲ့သည်။ ၎င်း၏ အမည်ကို ထုတ်ဖော် ပြောကြားသော်လည်း ပြည့်ပြည့်စုံစုံသိရခြင်းမရှိပေ။

လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်း၏အမည်သည် ကျူရာဘက်ရှိကာရီဂျန်ဟု ထုတ်ဖော်ပြောကြားပြီး ၎င်းစိတ်ချလက်ချ လွတ်မြောက်စေရေးအတွက် အီရတ်ရှိ အီရတ်အာဏာပိုင်များနှင့် ဆက်သွယ်ရန် ဘဂ္ဂဒက်မြို့တော်မှ သံရုံးတာဝန်ခံကို ညွှန်ကြားထားသည်ဟု လက်ဘနွန်သတင်းဌာနက ဖော်ပြသည်။

ပန်ကြား

အမိန့်အားလုံးကို လိုက်နာကြရန်၊ ယင်းသို့မလိုက်နာပါက ပြန်ပေးသမားများကမိမိအားသတ်ကြမည်ဖြစ်ကြောင်း၊ အလုပ်ရှင်တို့အနေဖြင့် မိမိ၏အသက်အတွက် တာဝန်ရှိပါကြောင်း၊ အီရတ်မှ လုပ်ငန်းရုပ်သိမ်းကြရန် ၎င်းက ပန်ကြားကြောင်း မေတ္တာရပ်ခံပုံကို အင်တာနက်တွင်ပြသသည်။

အမေရိကန် တပ်ဖွဲ့ဝင်များအား အရက်သေစာရောင်းချသည့် လုပ်ငန်းလုပ်ကိုင်သည့် လက်ဘနွန်နိုင်ငံသားဓားစာခံအား မိမိတို့ ဖမ်းဆီးထားကြောင်း၊ အရက်သေစာကို တားမြစ်ထားကြောင်း ပြန်ပေးသမားအုပ်စုက အင်တာနက်မှ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ ဟီလာမြို့တွင် ဘတ်စ်မော်တော်ယာဉ် တစ်စီးအောက်မှ ယမန်နေ့က ဗုံးပေါက်ကွဲခဲ့ရာတွင် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး ၁၂ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟီလာမြို့တွင် ခရီးသည်များ တင်ဆောင်ပြေးဆွဲနေသည့် ဘတ်စ်တစ်စီး၏အောက်မှ ဗုံးပေါက်ကွဲခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး လူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဗိုလ်ကြီး အာမက် အဗ္ဗဒူလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အဆိုပါ မော်တော်ယာဉ်သည် ဘဂ္ဂဒက်မြို့တော်နှင့် ဟီလာမြို့ကြားရှိ အထင်ကရလမ်းမပေါ်တွင် ရပ်ထားစဉ် ပေါက်ကွဲခြင်းဖြစ်သည်။

ထိုအတောအတွင်း ပြောက်ကျားများက ထူထဲစွာ ကာရံထားသည့် အစိမ်းရောင်ဒေသကို စိန်ပြောင်းဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် လူအသေအပျောက် အထိအခိုက် မရှိခဲ့ဟု အဗ္ဗဒူလာက ထပ်လောင်းပြောကြားသည်။ အစိမ်းရောင် ဒေသတွင် အမေရိကန်သံရုံးနှင့် အီရတ်အစိုးရရုံးများ တည်ရှိသည်။

စစ်ဆေးရုံအနီးတွင် မီးခိုးမည်းကြီးများ ကောင်းကင်ယံသို့ တက်သွားပြီး ရဟတ်ယာဉ်များလည်း ပျံသန်းလျက်ရှိနေခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက် စားသောက်ဆိုင်အပြင်ဘက် ကားဗုံးပေါက်ကွဲ ရေနံလုပ်ငန်း အထက်တန်းတာဝန်ရှိသူ ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ စားသောက်ဆိုင် တစ်ဆိုင်၏ အပြင်ဘက်တွင် တနင်္လာနေ့ညက ပြင်းထန်သည့် ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး လူ ၁၅ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြည်ထဲရေးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အီရတ်ရေနံဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မိုဟာမက်အဆူဒီသည် အဆိုပါ စားသောက်ဆိုင်အနီးမှ ဖြတ်သန်းသွားလာစဉ် ကားဗုံးပေါက်ကွဲခြင်း ဖြစ်ပြီး ၎င်းမှာလည်း ထိခိုက်ဒဏ်ရာ ရသွားခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

ပစ်မှတ်ထား ဗုံးခွဲတိုက်ခိုက်ခံရသည့် အဆိုပါ စားသောက်ဆိုင်သည် ဘဂ္ဂဒက်မြို့တော်အနီးရှိ မန်ဆောဒေသတွင်တည်ရှိပြီး အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ပြည်ပတပ်ဖွဲ့ဝင်များမကြာခဏလာရောက်လေ့ရှိသည့် စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

ရှီးယိုက်တို့ လွှမ်းမိုးသည့် အီရတ်အစိုးရအဖွဲ့ကို ဧပြီလတွင် ဖွဲ့စည်းပြီးခဲ့သည့်နောက် ပြောက်ကျားများက အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့များအား နေ့စဉ်တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရဲတပ်ဖွဲ့ဝင်များ၏ကား ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကြာသပတေးနေ့က ကင်းလှည့်ထွက်လာသည့် ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်ရာ လက်ရွေးစင်ရဲတပ်ဖွဲ့ဝင် ၁၅ ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရပ်သား ငါးဦးသေဆုံးရကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဘဂ္ဂဒက်တောင်ပိုင်း ဒိုရာရပ်ကွက်တွင် ကင်းလှည့်လာသော ရဲတပ်ဖွဲ့ဝင်များ၏ ထရပ်ကားတစ်စီးကို ဗုံးခွဲသူလိုက်ပါလာသည့် ကားက အတင်းဝင်တိုက်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးဖောက်ခွဲမှုကြောင့် ၂၀ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ဗုံးဖောက်ခွဲမှုများနှင့် ပစ်ခတ်မှုတစ်ရပ်တို့ကြောင့် လူ ၁၅၀ ကျော်သေဆုံးရသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့၏ လှည့်ကင်းကားတိုက်ခိုက်ခံရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇမ်ဘီယာရွာများအတွင်းသို့ ခြင်္သေ့များ ဝင်ရောက်

လူဆာကာ စက်တင်ဘာ ၁၄

ဇမ်ဘီယာနိုင်ငံတောင်ပိုင်းပြည်နယ်ရှိ ရွာများတွင်ခြင်္သေ့တစ်အုပ်ဝင်ရောက်လာမှုကြောင့် ကျွဲနွားအကောင် ၃၀ သေဆုံးပြီး နေထိုင်သူရွာသားများမှာလည်း အိမ်အပြင် မထွက်ရဲကြကြောင်း ဇမ်ဘီယာသတင်းဌာနက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ဘူချန်ဂါ၊ လွန်ဒီ၊ နာမီလင်ဒါ၊ မူနန်ဝါ၊ ဟီဘီနှင့် မာဘန်ဂါဒေသတို့တွင် မွေးမြူရေးလုပ်ကိုင်သူများသည် ခြင်္သေ့များကြောင့် ၎င်းတို့၏ တိရစ္ဆာန်များ ပျောက်ဆုံးမည်ကို စိုးရိမ်နေကြကြောင်း မာဇာဘူကာခရိုင်၏ အုပ်ချုပ်ရေးအကြီးအကဲ မစ္စဟက်စ်ချင်ဒါက ပြောကြားသည်။

ပြစ်တင်

အဆိုပါဒေသများရှိ ပြည်သူများသည် ကြောက်လန့်နေပြီး ကလေးများမှာ ကျောင်းသို့ မသွားကြကြောင်း ၎င်းကပြောဆိုခဲ့သည်။ မိရိုးဖလာအစဉ်အလာအရ ရပ်ရွာခေါင်းဆောင်များနှင့် တာဝန်ရှိသူများက တောင်းပန်ခဲ့သော်လည်း သားရဲ တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ခြင်္သေ့များကို နှင်မထုတ်နိုင်ခဲ့ကြောင်း ဇမ်ဘီယာ တောရိုင်းထိန်းသိမ်းရေးအဖွဲ့မှ ချင်ဒါက ပြစ်တင်ပြောကြားခဲ့သည်။

လူနှင့်ကျွဲနွားတိရစ္ဆာန်တို့အသက်ကို ကာကွယ်ရန်အတွက် ထိုဒေသသို့ တိရစ္ဆာန် ထိန်းသိမ်းသူများ စေလွှတ်ပေးရန် ခရီးသွားလုပ်ငန်းဝန်ကြီးထံ တောင်းဆိုထားကြောင်း၎င်းကပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် ကားတစ်စီးကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ကုလ၌ ကျင်းပသည့်အစည်းအဝေးသို့ မတက်ရောက်နိုင်ရန် ကျူးဘားကိုယ်စားလှယ်အား ကန်အစိုးရက တားမြစ်ခဲ့

ကုလသမဂ္ဂ စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည့် ပါလီမန်အမတ်များ အစည်းအဝေးသို့ ကျူးဘားနိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ခြင်းမပြုနိုင်ရန် အမေရိကန်အစိုးရက တားမြစ်ခဲ့ကြောင်း ကျူးဘားအစိုးရက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တနင်္လာနေ့က တိုင်တန်းခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပသည့် ကမ္ဘာ့လွှတ်တော်ဥက္ကဋ္ဌများ ဒုတိယအကြိမ်မြောက် ညီလာခံသို့ တက်ရောက်ရန်သွားမည့် ကျူးဘားမှ လွှတ်တော်ဥက္ကဋ္ဌ ရီကာဒိုအလာကွန်၏ ပြည်ဝင်ခွင့်ဗီဇာကို အမေရိကန်အစိုးရက မပေးဘဲ ငြင်းဆန်ခဲ့သည်။

ကုလသမဂ္ဂအစည်းအဝေး လက်ခံကျင်းပသည့် အိမ်ရှင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ အစည်းအဝေးသို့ ပြည်ပမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ရန်အတွက် ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရမည့် တာဝန်ရှိကြောင်း၊ ပါလီမန်အမတ်များညီလာခံသည် ကုလသမဂ္ဂ အဆောက်အအုံတွင် ကျင်းပလင့်ကစား ကုလသမဂ္ဂကိစ္စ ဆွေးနွေးခြင်းမဟုတ်ကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ ကျူးဘားအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ကလည်း အမေရိကန်အစိုးရ၏ ကြောင်းကျိုးဆင်ခြင်မှုမရှိသည့် ဆုံးဖြတ်ချက်အား အပြင်းအထန် ကန့်ကွက်ရန် သဘောတူညီပြီး ပေးထားသည့် ဆင်ခြေနှင့် ကိုက်ညီမှုမရှိဟု ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့တွင် စတင်ကျင်းပသည့် သုံးရက်ကြာ ကမ္ဘာ့ထိပ်သီးညီလာခံ တက်ရောက်ရန် ရီကာဒို အလာကွန်က အမေရိကန်အစိုးရထံသို့ ဗီဇာလျှောက်ထားခဲ့သည်ဟု ကျူးဘားတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာရရှိဖွယ်ရှိပြီး ကျူးဘားကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေနံစိမ်းတန်ချိန် သန်း ၁၈၀ တရုတ်ထုတ်လုပ်မည်

ပေကျင်း စက်တင်ဘာ ၁၃

တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရေနံစိမ်းတန်ချိန်သန်း ၁၈၀ ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း၊ ရေနံစိမ်း ပဉ္စမ အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း အစိုးရအဆင့်မြင့် တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံက ရေနံစိမ်းတန်ချိန် ၁၇၅ သန်းကို ထုတ်လုပ်ခဲ့ပြီး တန်ချိန် ၁၁၇ သန်းကို တင်သွင်းခဲ့ကြောင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင် ဒုတိယညွှန်ကြားရေးမှူး ဇန်ကူပေါင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ရေနံတင်သွင်းမှု ပမာဏသည် ကမ္ဘာ့ရေနံတင်သွင်းမှု စုစုပေါင်း၏ ၆ ဒသမ ၃၁ ရာခိုင်နှုန်း ရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ အရှေ့ပိုင်း စီချွမ်ပြည်နယ်တွင် တိုင်ဖုန်းမုန်တိုင်းကြောင့် ရေဘေးဒုက္ခကြုံခဲ့ရသော သက်ကြီးရွယ်အို တစ်ဦးအား ကယ်ဆယ်ရေးဆောင်ရွက်သူတစ်ဦးက ဘေးကင်းရာသို့ သယ်ပိုးရွှေ့ပြောင်းပေးနေသည်ကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဗီယက်နမ်အလယ်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်းမိုး ကလေးငါးဦးသေဆုံးပြီး သီးနှံစိုက်ခင်းများ ရေမြုပ်

ဟန်နွိုင်း စက်တင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသနှင့် အလယ်ပိုင်းကုန်းမြင့်ဒေသတို့တွင် ကမ္ဘာ့အပူပိုင်းဒေသ လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ငါးဦးသေဆုံးရကြောင်း လူငယ်အမည်ရှိ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

– ရေနစ်သေဆုံး –

ရေလွှမ်းမိုးမှုကြောင့် သေဆုံးရသူများမှာ ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များဖြစ်ကြပြီး သူယာသီယန် ဟွေးပြည်နယ်၊ ကွမ်ညံပြည်နယ်နှင့် အလယ်ပိုင်းကုန်းမြင့်ဒေသရှိ ဒက်လက်ပြည်နယ်တို့မှဖြစ်ကြကြောင်း၊ ၎င်းတို့သည် အင်္ဂါနေ့က ကျောင်းတက်ရန် သွားရောက်ကြစဉ် ရေနစ်သေဆုံးရကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခြင်းကြောင့် နေအိမ် ရာပေါင်းများစွာ ပျက်စီးခဲ့ရပြီး ကလေးခုနစ်ဦး ဒဏ်ရာရရှိကြောင်း၊ ၎င်းအပြင် ကောက်ပဲသီးနှံစိုက်ခင်းများမှာလည်း ရေနစ်မြုပ်ရကြောင်း၊ နိုင်ငံအလယ်ပိုင်း ကွမ်ဘင်းပြည်နယ်တွင် မူလတန်းကျောင်းတစ်ကျောင်း၌ အမိုးပြိုကျမှု ဖြစ်ပွားသဖြင့် ကလေးများ ဒဏ်ရာရရှိကြောင်း သတင်းစာက ရေးသားသည်။

– ပျက်စီးဆုံးရှုံး –

ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် လူပေါင်း ၂၃၂ ဦး သေဆုံးခဲ့ရပြီး ဗီယက်နမ်နိုင်ငံသုံး ဒေါင်ငွေ ဘီလီယံ ၉၀၀ (ဒေါ်လာ ၅၇ သန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု လေးနှစ်ပြည့်မြောက်သော်လည်း ဘင်လာဒင်ကို မမိသေး

ကဘူးလ် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ အကြမ်းဖက်တိုက်ခိုက်ခံရမှုသည် လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ထိုအကြမ်းဖက်တိုက်ခိုက်မှု၏ နောက်ကွယ်တွင် ကြိုးကိုင်သူ အိုစမာဘင်လာဒင် (အိုဘီအယ်လ်)သည် လျှို့ဝှက်နေရာတစ်နေရာတွင် ယခုတိုင်ရှိနေသေးသည်။

ဝါရှင်တန်မြို့ ပင်တဂွန်စစ်ဌာနချုပ်နှင့် နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကို အိုဘီအယ်လ်နှင့် အပေါင်းပါအဖွဲ့က ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဝေဟင်မှ လေယာဉ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ရာစုနှစ်အသစ်တွင် ထိုအကြမ်းဖက် တိုက်ခိုက်မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။

အမေရိကန်နည်းတူ ပါကစ္စတန်သည် ဘင်လာဒင်ကို ဖမ်းမိမည်ဟု အကြိမ်ကြိမ် အခါခါ အခိုင်အမာ ပြောကြားခဲ့သည်။ သို့သော် ၎င်းကို အမှန်တကယ် တစ်ကြိမ်မှ မမိခဲ့ကြောင်း သိရှိရသည်။

ဘင်လာဒင်နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ တစ်စုသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ရာ တောင်တန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်ဟု ပါကစ္စတန်ခေါင်းဆောင် ပါဗက်မူရှာရက်ဖ်က ပြောကြားသည်။

အမေရိကန်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံ၏ တပ်ဖွဲ့ဝင် သုံးခုသည် အဆိုပါဒေသတစ်ဝိုက်တွင် မကြာခဏ ပိုက်စိပ်တိုက်ရှာဖွေခဲ့သော်လည်း စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှုတွင် အဓိကသက်မကင်းဖြစ်သူကို ယခုအချိန်ထိ မဖမ်းဆီးနိုင်သေးကြောင်း သိရသည်။

မူလာအိုမာနှင့် ဘင်လာဒင်တို့ကို အမေရိကန်တို့က မရှာဖွေနိုင်မှုကြောင့် ၎င်းတို့ကိုဖမ်းဆီးရန် အမေရိကန်တွင် ဆန္ဒအမှန်တကယ် ရှိပါ၏လော (သို့မဟုတ်) အရှေ့အလယ်ပိုင်းနိုင်ငံများကို ကျူးကျော်တိုက်ခိုက်ရန် အကြောင်းပြချက်အဖြစ် ဆောင်ရွက်ခြင်းလားဟူ၍ အာဖဂန်နစ္စတန်ပြည်သူများကြားတွင် မေးခွန်းများ ဖြစ်ပွားလာခဲ့သည်။

ဘင်လာဒင်ကို လက်ခံထားသူ တာလီဘန် ခေါင်းဆောင် မူလာ မိုဟာမက်အိုမာအားလည်း ဘင်လာဒင်ကို လွှဲပြောင်းပေးရန် သတိပေးခဲ့သည်။

အာဖဂန်နစ္စတန်က လွှဲပြောင်း မပေးနိုင်ကြောင်း ငြင်းပယ်ခဲ့သည်။

ထိုတုံ့ပြန်မှုသည် အမေရိကန်က အာဖဂန်နစ္စတန်ကို ကျူးကျော်ရန် လှုံ့ဆော်မှုတစ်ရပ်ဖြစ်ခဲ့ပြီး အကျိုးဆက်အဖြစ် တာလီဘန်အစိုးရ ပြိုလဲသွားသည်။

လေးနှစ်တာ အချိန်ကာလက တာလီဘန်ကျဆုံးသွားပြီး အာရပ်နှင့် ပါကစ္စတန်နိုင်ငံ အပါအဝင် ပြည်ပမှ ထောက်ပံ့သူများနှင့် ထောင်ပေါင်းများစွာ ပါဝင်သော သစ္စာခံအဖွဲ့ကို ဖမ်းဆီးခဲ့သည်။ သို့သော် ဘင်လာဒင်နှင့် မူလာအိုမာတို့ ယခုတိုင် လွတ်မြောက်နေဆဲဖြစ်သည်။

အိုစမာကို အကြောင်းပြ၍ အမေရိကန်တပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသများအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းဖြစ်နိုင်သည်ဟု အသက် (၄၈)နှစ် အရွယ်ရှိ အာဖဂန်အရပ်သား မိုဟာမက်ဒ်အာဘာက ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပုံးပြုလုပ်သည့် စက်ရုံများ ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ တွေ့ရှိ သိမ်းဆည်းရမိ

ဒါကာ စက်တင်ဘာ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းတွင် ဩဂုတ် ၁၇ ရက်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထိုဗုံးများကို ဖောက်ခွဲခဲ့သော ဂျာမာတူလ်မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ် (ဂျေအမ်ဘီ) အစ္စလမ္မစ်အုပ်စု၏ ဗုံးပြုလုပ်သော စက်ရုံနှစ်ခုကို ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ကတွေ့ရှိပြီး လူအချို့ကို ဖမ်းမိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ထိုဖမ်းမိသူများထဲတွင် ဂျေအမ်ဘီ အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အခြားအဖွဲ့ဝင်များလည်းပါဝင်ပြီး ၎င်းတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲတွင် ရဲတပ်ဖွဲ့က ဖမ်းမိခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အေတီအန် ပုဂ္ဂလိကရုပ်သံဌာနက အင်္ဂါနေ့တွင် ထုတ်လွှင့်ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံဈေးနှုန်း ကြီးမြင့်မှုကြောင့် အရှုံးပေါ်ကာ ဒေဝါလီခံရမည့်ကိန်းနှင့် ကြုံနေရသောအမေရိကန် နော့သ်ဝက်စ် လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရေနံတင်သင်္ဘော မီးလောင် ခုနစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

နန်ကင်း စက်တင်ဘာ ၁၃

တရုတ်နိုင်ငံအရှေ့ပိုင်း ယန်စီမြစ်၏ ကျန်ကျန်းဒေသ၌ တနင်္ဂနွေနေ့ နံနက်ပိုင်းက လောင်စာဆီတင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးပြီး လေးဦး မီးလောင်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတစ်ရပ်တွင် ရေးသား ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဒုတိယအရှည်ဆုံးမြစ်ဖြစ်သော ယန်စီမြစ်၏ ကျန်ကျန်းဒေသတွင် လောင်စာဆီတင်သင်္ဘောကို မွမ်းမံပြင်ဆင်နေချိန်၌ လောင်စာဆီ အကြွင်းအကျန်မှ မီးစလောင်ခြင်းဖြစ်ကြောင်း တနင်္ဂနွေနေ့နံနက်က တွေ့ရှိခဲ့ကြသည်ဟု ကျန်ကျန်းဆိပ်ကမ်းမှ ဒေသတာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။ မီးလောင်မှုကြောင့် သင်္ဘောပေါ်ရှိ အလုပ်သမားခုနစ်ဦးသည် မီးခိုးငွေ့များဖြင့် အသက်ရှူမွန်းကျပ်ကာ ချက်ချင်းသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါသင်္ဘောသည် တရုတ်နိုင်ငံမြောက်ပိုင်း ဟန်ကျင်ဆိပ်ကမ်းမှ ကျန်ကျန်းသို့ ရောက်ရှိခဲ့ပြီး ကာလအားဖြင့် တစ်လနီးပါးမျှ ကြာခဲ့သည်။ သင်္ဘောပြင်ဆင်ရေးအတွက် ၁၀ ရက် သို့မဟုတ် ၁၀ ရက်ကျော် ကြာမည်ဖြစ်သည်။ သင်္ဘောပြန်လည်ပြင်ဆင်ရေး စီမံကိန်းအရ ထိုသင်္ဘောကို လောင်စာသယ်ယူရေး သင်္ဘောမှ ကမ္ဘာ့ရေကြောင်းသွား အထူးသယ်ယူပို့ဆောင်ရေး သင်္ဘောအဖြစ် ပြောင်းလဲမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထာဝရစောင့်ထိန်းကြ ဂရုဓမ္မသီလ

တင်ထွန်း
(အစိုးရတိုင်းရင်းဆေး)

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ဆဋ္ဌမမြောက်လဖြစ်ပါသည်။ **"တော်သလင်း"**သည် (တော်=ကောင်းကင်၊ သလင်း=သာလင်း) သာယာထွန်းလင်းသည်ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။ မိုးကောင်းကင်တွင် မိုးသားမိုးတိမ်များကင်းစင်၍ ကြည်လင်သာယာလျက်ရှိသည်။ ငါးငယ်၊ ပုစွန်ငယ်ကလေးများပင် သေလောက်သည့် အပူပြင်းပြစွာ ထွန်းလင်းတောက်ပနေသည့်အတွက် **"တော်သလင်းနေ ပုစွန်သေ"**ဟူ၍လည်းကောင်း၊ ကြည်လင်သော မိုးကောင်းကင်နှင့်အတူ မြစ်ရေပြင်သည်လည်း လှိုင်းလေကင်းစင်သဖြင့် သင်ဖြူးများခင်းထားသကဲ့သို့ ပြန့်ပြူးငြိမ်သက် သာယာကြည်လင် နေသည့်အတွက် **"တော်သလင်း မြစ်တွင်းသင်ဖြူးခင်း"**ဟုလည်းကောင်း ဆိုရိုးရှိခဲ့သည်။ တစ်ခါတစ်ရံ တော်သလင်းလတွင် ဝါဆို၊ ဝါခေါင်လများနည်းတူ မိုးရွာသည့်အခါ လယ်ကန်သင်းများပင်ကျိုးအောင် မပြတ်မစဲ တသဲသဲရွာတတ်သဖြင့် **"တော်သလင်းမိုး ကန်သင်းကျိုး"**ဟု ဆိုကြပြန်သည်။

တော်သလင်းလကို နက္ခတ်ဗေဒင်အခေါ်အဝေါ်အားဖြင့် ကန်ရာသီဖြစ်ကြောင်း၊ ယင်းလတွင် ကောင်းကင်ပြင်၌ လပြည့်ဝန်းသည် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်ကြောင်း၊ ရာသီပန်းမှာ အင်ကြင်းပန်းနှင့် ယင်းမာပန်းဖြစ်ကြောင်း၊ ထိုလတွင် ရာသီပွဲများအဖြစ် ပန်းလှသဘင်ဟုခေါ်ကြသော လှေပြိုင်ပွဲနှင့် ရေအင်အား သင့်တင့်လှ၍ သစ်ဖောင်မျှောချသော သစ်ဆင်းသည့်လ၊ သစ်ဆင်းပွဲတို့ ကျင်းပလေ့ရှိပြီး ရေကြီး၍ ထန်းသီးမှည့်များ ကြွေကျလေ့ရှိကြောင်းတို့ကို ဆည်သည်ရွာစား ဦးအောင်ကြီးက ကန်ရာသီဘွဲ့လူးတားတွင် **"သာစွလေ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့်မိုးလ၊ ဘဒြနှင့်၊ ပြည့်ပအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလှသဘင်၊ သစ်ဆင်းယင်လျက်"**ဟု ဖွဲ့ဆိုခဲ့ပါသည်။

ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သော ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ ရှိကြသည်။ လှေပွဲသဘင်ကို ပန်းလှသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမျိုးမျိုးခေါ်တွင်ကြသည်။ ယင်းလှေပွဲသဘင်ကို ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များခြံရံလျက် "ပြည်ကြီးမွန်"မည်သော ဘုရင့်ရွှေလှေတော်ကြီး (မြန်မာမင်းကို တစ်ရာသောမင်းတို့ ဦးညွတ်ဟန် ဦးမှပဲ့အထိ လက်ဝဲ လက်ယာ အရုပ်ငါးဆယ်စီ ထုလုပ်တန်ဆာ ဆင်ထားသည့် ဘုရင့်ရွှေလှေတော်)ပေါ်မှ နေလျက် လေညင်းခံကာ လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။ ဘုရင်ကိုယ်တိုင် ထွက်ကြွရှုစားတော်မူသဖြင့် လှေပွဲသဘင်သည် အလွန်ကြီးကျယ်စည်ကားလေသည်။

လှေပြိုင်ပွဲသဘင်ကို တော်သလင်းလဆန်း ၈ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၈ရက်နှင့် လကွယ်နေ့များတွင် ကျင်းပလေ့ရှိရာ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေစသဖြင့် အမျိုးအစားအလိုက် ပြိုင်ဆိုင်စေသည်။

လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်း ပြုလုပ်ပြီး မင်းစီးလှော်ကားတော် ရှေ့ဆုံးတွင်ထားလျက် နောက်ပိုင်းတွင် ရာထူးအလိုက် အရာရှိလှေတော်များလိုက်ပါ၍ လှေတပ်ကြီးဖွဲ့ကာ မြူးကြွသော တူရိယာသံများကြားတွင် လှေချင်းများ သီဆိုကာ တက်ရေး(၃၇)ပါးအလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြသည်မှာ မြစ်ပြင်အလုံး ပွဲတင်သံများဖုံးလျက်ရှိသည်ဟု စာဆိုရှိခဲ့လေသည်။

အမှန်စင်စစ်ရှေးမြန်မာမင်းတို့ ကျင်းပသည့်လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသက်သက်မဟုတ်ဘဲ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်သည့် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသော ပွဲတော်ဖြစ်ပေသည်။

လှေသဘင်ပွဲနှင့် စပ်လျဉ်း၍ ပညာရှိအမတ်ကြီး နတိယနဝဒေကတရုတ်ပြည်မှ သံတမန်များက မြန်မာတို့၏ လှေပွဲသဘင်ကိုရှုမြင်လိုသော ဆန္ဒများဖြစ်လာ၍ ဘကြီးတော်ဘုရားက ဆိုင်ရာတို့အား ဆင့်ဆိုစေပြီး ၎င်းတို့အား လှေပွဲသဘင်ကို ရှုမြင်စေတော်မူခဲ့ကြောင်း၊ လှေပွဲသဘင်ကြီးကို မည်သို့ဆင်ယင်ကျင်းပပုံ၊ မည်သည့်လှေတော်များပါဝင် ယှဉ်ပြိုင်ကြပုံကို **"တရုတ်သံရောက် မော်ကွန်း"**တွင် မှတ်တမ်းတင်ထားခဲ့သည်။

ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင်ပါဝင်သည့် **တော်သလင်းလ၏ လပြည့်နေ့သည်** ဘုရားကျောင်းဇရပ်များတွင် ဒါနကုသိုလ်ပြုရင်း ဥပုသ်သီတင်း ဆောက်တည်ခြင်း ဟူသော သီလကုသိုလ်များပြုလုပ်စည်ကားသိုက်မြိုက်လျက်ရှိသည့် **ဂရုဓမ္မအခါတော်နေ့** ဖြစ်သည်။ **ဂရုဓမ္မသီလ** ဟူသည် သူတော်စင် သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သည့် တရားဖြစ်ပြီး

၁။ ပါဏာနုပါတ္တာ ဝေရမဏီ (သူ့အသက်မသတ်ရ)
၂။ အဒိန္နာဒါနာ ဝေရမဏီ (သူတစ်ပါး ဥစ္စာမခိုးရ)
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ (ကာမဂုဏ်အမှု၌ မှားယွင်းစွာမကျင့်ရ)
၄။ မုသာဝါဒါ ဝေရမဏီ (မဟုတ်မမှန်စကားကို မပြောရ)
၅။ မဇ္ဇပါနာ ဝေရမဏီ(သေရည်အရက်မသောက်ရ)ဟူသည့် ငါးပါးသီလ ဖြစ်ပါသည်။

၎င်းငါးပါးသီလ၏ ဝိသေသအမည်များမှာ လူတိုင်းလိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် ဓမ္မတာသီလ၊ စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် အုပ်ချုပ်ကျင့်သုံးသောကြောင့် စက္ကဝတ္တိဓမ္မသတ်၊ ကုရုတိုင်းရှိ ပြည်သူတို့ကျင့်သုံးသော သီလဖြစ်သောကြောင့် ကုရုဓမ္မသီလ၊ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် ဂဟဋ္ဌသီလ၊ အရေအတွက် ငါးပါးရှိသောကြောင့် ပဉ္စသီငါးပါးသီလ၊ လူပုဂ္ဂိုလ်တို့အတွက် အမြဲတမ်း ဆောက်တည်စောင့်ထိန်းအပ်သောကြောင့် နိစ္စသီလ၊ မြတ်စွာဘုရားကိုယ်တော်တိုင် တားမြစ်အပ်သော သီလဖြစ်၍ ဝါရိတ္တသီလ၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် အရိယာကန္တသီလ၊ ကျင့်သုံးအပ်၊ ကျင့်သုံးထိုက်သောကြောင့် သိက္ခာပဒသီလ စသည်တို့ ဖြစ်ပါသည်။

မှတ်သားရလွယ်ကူစေရန်-**ဓမ္မတာခမ်း၊ ဂရုခမ်း၊ ဓမ္မသတ်ချက်ချာ၊ စကြာစိုးပြု၊ ကုရုဓမ္မ၊ ဂဟဋ္ဌနှင့် ငါးဝပဥ္စသီ၊ ဂုဏ်ရည်နိစ္စ၊ ဝါရိတ္တနှင့် အရိယကန်၊ ငါးတန်မယုတ်၊ သိက္ခာပုဒ်၊ သမုတ် ဤဆည်မည်**ဟုဖွဲ့ဆိုထားသည်။

"ငါးပါးသီလ"ကို လုံခြုံအောင် စောင့်ထိန်းသည့် ပုဂ္ဂိုလ်များသည် ကြီးစွာသော ချမ်းသာစည်းစိမ်ကိုရခြင်း၊ ကောင်းသောဂုဏ်သတင်းကျော်စောခြင်း၊ ပရိသတ်အလယ်တွင် ကျက်သရေမင်္ဂလာရှိပြီး ရွှင်လန်းသောမျက်နှာဖြင့် တင့်တယ်ခြင်း၊ သေသည့်အခါ မတွေမဝေ ကြည်ကြည်လင်လင်ဖြင့် မိမိပြုခဲ့သမျှသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ သေသည့်အခါ ကောင်းမှုပြုသူတို့ လားရာဖြစ်သော သုဂတိဘုံသို့ မချွတ်ဧကန် ရောက်ရခြင်းဟူသည့် အကျိုးငါးပါး ရရှိပေမည်။

သိမှတ်လွယ်ရန်လင်္ကာမှာ- **စည်းစိမ်ရလျှင်း၊ သတင်းကောင်းပျံ့၊ မရွံ့ပရိသာ၊ သေခါမတွေ၊ သေနတ်ရွာလား၊ ကျိုးငါးပါး၊ မှတ်သားသီလဝန္တ** ဟူ၍ ဖြစ်သည်။

"ငါးပါးသီလ"ပျက်စီးသူ (မရှိသူ)များသည် စည်းစိမ်ပျက်စီးခြင်း၊ မကောင်းသော သတင်းဆိုးပျံ့နှံ့ခြင်း၊ ပရိသတ်ကို ကြောက်ရွံ့ခြင်း၊ သေသည့်အခါ တွေဝေပြီး သေရခြင်း၊ သေသည့်အခါ အပါယ်ငရဲသို့ ကျရောက်ရခြင်းဟူသည့် ဆိုးကျိုး(အပြစ်)ငါးပါးရရှိပေမည်။ သိမှတ်လွယ်ရန် လင်္ကာမှာ- **စည်းစိမ်ပျက်လျှင်း၊ သတင်းဆိုးနှံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါတွေဝေ၊ သေငရဲလား၊ ပြစ်ငါးပါး မှတ်သားဒုဿီလ** ဟုဖြစ်သည်။

"ငါးပါးသီလ"ကို စောင့်ထိန်းခြင်း မြဲသည့်အတွက် အသက်ငယ်ရွယ်ချိန်တွင် မသေဆုံးဘဲ သက်တမ်းစေ့နေရပုံကို ငါးရာ့ငါးဆယ်ဒသကနိပါတ် ဓမ္မပါလဇာတ်တော်တွင် "မြတ်စွာဘုရား အလောင်းတော်သည် ဗာရာဏသီပြည် ကာသိတိုင်း၊ ဓမ္မပါလရွာ၌ ဓမ္မပါလဟုခေါ်တွင်သော လူပုဂ္ဂိုလ်ဖြစ်လာကြောင်း၊ အရွယ်ရောက်လာသောအခါ တက္ကသိုလ်ပြည်သို့ ပညာသင်သွားရောက်ရကြောင်း၊ တစ်နေ့သောအခါ ဒိသာပါမောက္ခကြီး၏ ငယ်ရွယ်သူသားတစ်ယောက်သေဆုံး၍ တပည့်များ၊ မိသားစုများ ယူကျုံးမရငိုယိုပူဆွေးကြသော်လည်း **"ဓမ္မပါလလုလင်"**မှာ လုံးဝပူဆွေးငိုယိုခြင်းမရှိသဖြင့် အများကမေးမြန်းသည့်အခါ ဓမ္မပါလရွာတွင်နေထိုင်သူ တစ်မျိုးလုံး ငါးပါးသီလစောင့်ထိန်းကြသည့်အတွက် ငယ်ငယ်ရွယ်ရွယ်နှင့် သေရိုးထုံးစံမရှိသဖြင့် ပူဆွေးငိုယိုခြင်းမရှိပါဟု ပြန်လည်ပြောကြားကြောင်း၊ ထို့နောက် ဓမ္မပါလလုလင်၏ ပြောစကားဟုတ်မှန်မှု ရှိ/မရှိ စုံစမ်းရန် အရိုးအချို့ကို အဝတ်ဖြင့်ထုပ်ကာ ဓမ္မပါလလုလင်၏ မွေးရာဇာတိသို့ ဒိသာပါမောက္ခဆရာကြီးကိုယ်တိုင် သွားရောက်ပြီး ဓမ္မပါလသေဆုံးသည်ကို ကိုယ်တိုင်လာရောက် အသိပေးခြင်းဖြစ်ကြောင်း၊ ဤအရိုးများသည် သင်တို့၏သား ဓမ္မပါလ၏ အရိုးများဖြစ်ကြောင်းပြောကြားသည်ကို မိဘဆွေမျိုးများနှင့် ရွာသူ၊ရွာသားများက မယုံကြည်ကြသည့်ပြင် လက်ခုပ်လက်ဝါးတီးပြီး ပြင်းစွာရယ်မောကြကြောင်း၊ ဆရာကြီးက အကျိုးအကြောင်းမေးသည့်အခါ ဓမ္မပါလ တစ်ရွာလုံး၊ တစ်မျိုးလုံး ငါးပါးသီလမြဲကြသဖြင့် ငယ်ငယ်ရွယ်ရွယ် သေရိုးထုံးစံမရှိ၊ သက်တမ်းစေ့နေရကြောင်း၊ ဓမ္မပါလလုလင်၏ ဖခင်က ဓမ္မပါလ ရွာသူ၊ ရွာသားများတွင် မိဘများတရားစောင့်ကြ၍ သားသမီးများ ကိုယ်ကျင့်တရား ကောင်းမွန်ကြကြောင်း၊ ဉာဏ်ပညာထက်မြက်သော သားသမီးများ ထွန်းကားကြကြောင်း၊ သေရမည်ကို မကြောက်ကြကြောင်းနှင့် သေပြီးသည့်နောက်တွင်လည်း အပါယ်မကျရောက်နိုင်ကြောင်း စသည့် အကျိုးဆက်များကို ဆက်လက်ပြောကြားသဖြင့် ဒိသာပါမောက္ခဆရာကြီးက ကြည်နူးဝမ်းမြောက်စွာ သာဓုခေါ်၍ မိမိတိုင်းပြည်သို့ ပြန်လာခဲ့ကြောင်း"ပြဆိုထားပါသည်။

သို့ဖြစ်ပါ၍ ဝါတွင်းကာလ ဂရုဓမ္မအခါတော်နေ့ကျင်းပသောလ၊ လှေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သောလဖြစ်သည့် တော်သလင်းလတွင် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ငါးပါးသီလ တည်းဟူသော ဂရုဓမ္မသီလကို မြဲမြံစွာစောင့်ထိန်းပွားများကြပါရန် နိဗ္ဗာန်အကျိုးမျှော်လျက်နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်နေ ဗိုလ်မှူး ခင်မောင်လေး(ငြိမ်း) (အနောက်ပိုင်းခရိုင်မထသ)နှင့် ဒေါ်ခင်မြကြူ(သဇင်ကြူ)လူဝင်မှုကြီးကြပ်ရေး(ငြိမ်း) တို့က (၄၅)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ် အလှူငွေ ကျပ်တစ်သိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌအား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mohammed Khairuzzaman သည် စီးပွားရေးသံမှူး Mr. Md Aftabuzzaman လိုက်ပါလျက် စက်တင်ဘာ ၁၃ရက် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်ပြီး အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စီးပွားရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

နှစ်ဖက်သော မိဘများအားအမှူးထား၍ သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းနေ ဦးသန်းဆွေ-ဒေါ်ခင်အေးမူ(ပွင့်မြန်မာထမင်းဆိုင်)မိသားစုတို့က သန်လျင်မြို့ နာရီစင်အနီး ဇေယျာမင်္ဂလာ ပရိယတ္တိသာမဏေကျော် စာသင်တိုက်ရှိ သန်လျင်နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ နာယကများနှင့် အလုပ်အမှုဆောင်များ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA)အသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးအတွက် အလှူရှင် ဦးဗိုလ်နီ-ဒေါ်မြလေးနွယ် မိသားစု ဗိုလ်ချုပ်အောင်ဆန်းလမ်း ရွှေပြည်သာမြို့နယ်က ငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၁၅ရက်က YMBA အသင်း ဘဏ္ဍာရေးမှူး ဦးစိန်လှအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ဒေသဖွံ့ဖြိုးရေး မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဟိုပင်မြို့ တောဇခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ မှာကြားစဉ်။ (သတင်းစဉ်)

ဒေသခံများ၏ လူမှုစီးပွား ပိုမိုမြင့်မားရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အဓိကထားကြိုးပမ်း မြေလွတ်မြေရိုင်းများဖော်ထုတ်ပြီး စပါးသာမက ရော်ဘာကို ထိထိရောက်ရောက်စိုက်ပျိုး

✧ **ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီ မိနစ် ၅၀တွင် မိုးကောင်း-ဟိုပင်-ရွှေဘိုလမ်းနှင့် ဖားကန့်လမ်းဆုံရှိ မိုးကောင်းမြို့အထွက် (၈)မိုင်၌ နယ်မြေခံတပ်နယ်က အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်နေသည့် ရော်ဘာဧက ၁၀၀၀ စိုက်ခင်းတွင် ဧက ၁၀၀စိုက်ပျိုးပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းက မြေနေရာရွေးချယ်မှု၊ မြေဧရိယာစုစုပေါင်း ၅၉၁ဧကရှိသည့်အနက် ဧက ၅၀၀၌ စိုက်ပျိုးနိုင်မှု၊ လက်ရှိရော်ဘာ ၇၅ဧက၊ အပင်ပေါင်း ၁၆၃၀၀နှင့် သီးညှပ်ပဲစင်းငုံ ၅၅ဧက စိုက်ပျိုးထားရှိမှု၊ တစ်နှစ်လျှင် ရော်ဘာဧက ၁၀၀ဖြင့် ဧက ၅၀၀စိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု၊ ပျိုးပင် ၁၆၅၀၀ စုဆောင်းရရှိမှု၊ ရော်ဘာစိုက်ပျိုးရေး သင်တန်းများ တက်ရောက်စေ၍ ဆင့်ပွားသင်တန်းများပေးရန် စီစဉ်နေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးကောင်းတပ်နယ်အတွင်း တပ်ရင်းတပ်ဖွဲ့အလိုက်ပါ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မီးဘေးလုံခြုံရေးအတွက် မီးတားလမ်းများ စနစ်တကျ စီစဉ်ဆောင်ရွက်ထားရေး၊ စိုက်စနစ်မှန်ကန်စွာ အရှိန်အဟုန်မြှင့်စိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရော်ဘာစိုက်ခင်းနှင့် သီးညှပ်စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းတို့ကို မျှော်စင်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်းရှိ အစေ့ဖောက်ပျိုးပေါင်များ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ် ၅၀တွင် မိုးကောင်းမြို့နယ် တောင်နီကျေးရွာရှိ ကွင်းအမှတ်(၁၄၃) ဦးပိုင်အမှတ်(၅)၌ တောင်သူဦးမောင်ကွန်းစိုက်ပျိုးထားသော ၁၅ ဒသမ ၂၇ဧကအတွင်းရှိ ဆင်းဧကရီ(၃)စပါး ၁၀ ဒသမ ၇၇ ဧကနှင့် ရွှေရင်အေးစပါး ၂၄ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဟိုပင်မြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကောင်း-ဟိုပင်ကားလမ်းအတိုင်း ထွက်ခွာလာကြပြီး နံနက် ၉နာရီ ၄၅မိနစ်တွင် မိုးညှင်းခရိုင် ဟိုပင်မြို့သို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၀ နာရီတွင် ဟိုပင်မြို့ တောဇခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူးဦးသိန်းထွန်းက ဒေသဆိုင်ရာအချက်အလက်များ၊ မိုးစပါး ၂၂၀၉၇ ဧက၊ ပဲမျိုးစုံ ၆၄၄ဧက၊ ဆီထွက်သီးနှံ ၃၇၂ဧကနှင့် နှစ်ရှည်သီးနှံ ၁၃၆၉ဧက စိုက်ပျိုးထားရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဟိုပင်မြို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဟိုပင်မြို့သည် ယခင်ကမြို့အဆင့်မဟုတ်ဘဲ ရွာကြီးအဆင့်သာရှိခဲ့ပြီး ဖွံ့ဖြိုးမှုလည်း နည်းပါးခဲ့ကြောင်း၊ ငြိမ်းချမ်းမှုကင်းဝေးခဲ့၍ ဒေသခံပြည်သူများ အေးချမ်းမှုမရရှိခဲ့ကြကြောင်း၊ ယခုမိမိတို့နိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသဖြင့် ကချင်ပြည်နယ်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးနိုင်ခဲ့ပြီး အေးချမ်းသာယာလာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးအကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီး (၃)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုပင်မြို့ကိုလည်း ယခင်က ရွာကြီးအဆင့်မှ ယခုမြို့အဆင့် နိုင်ငံတော်ကသတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြေလွတ်မြေရိုင်းများဖော်ထုတ်ပြီး စပါးသာမက နှစ်ရှည်သီးနှံရော်ဘာကို ထိထိရောက်ရောက် စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ ဒေသခံပြည်သူများ၏ စီးပွားရေးပိုမိုရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဟိုပင်မြို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိကျရာတာဝန်ပိုင်းကို စေ့ငုသေချာစွာလေ့လာပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟိုပင်မြို့ မြသီတာရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အတွက် ထောက်ပံ့ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမရစ်ဖုန်က လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ ၄၅မိနစ်တွင် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာရှိ ကွင်းအမှတ်(၂၉၈)၌ တောင်သူဦးပု စိုက်ပျိုးထားသော ၁၁ ဒသမ ၈၁ဧကအတွင်းရှိ ဆင်းဧကရီ(၃)စပါး ၁၀ ဒသမ ၈၁ဧကနှင့် ဆင်းသွယ်လတ်တစ်ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်မြင့်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းစပါးများကိုသာ စိုက်ပျိုးရေး၊ မျိုးသန့်ခြံများတည်ဆောက်၍ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး စပါးအထွက်နှုန်းကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြားသည်။

မိုးညှင်းမြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မိုးညှင်းမြို့သို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် မိုးညှင်းမြို့ရှိ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း)သို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဦးမင်းမင်းထွန်းနှင့် ဌာနမှူး ဦးအောင်ကိုလတ်တို့က သင်ကြားသင်ယူဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး၊ ပညာရည်မြင့်မားရေး တို့နှင့်စပ်လျဉ်း၍ မှာကြားဖြည့်ဆည်းပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးစိန်ဝင်းက ဒေသဆိုင်ရာအချက်အလက်များ၊ မိုးစပါးလျာထားဧက ၁၁၂၅၉၀ အနက် ၉၅၃၀၆ဧကစိုက်ပျိုးပြီးစီးမှု၊ ရော်ဘာကို သုံးနှစ်အတွင်း ဧက ၁၆၀၀စိုက်ပျိုးရန် လျာထားမှု၊ မြို့နယ်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်တင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ကြီးကို နယ်စပ်ဒေသနှင့် ကျေးလက်များပါမကျန် အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီး (၃)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးပိုမိုဆောင်ရွက်ပေးနိုင်ရန် မိုးညှင်းမြို့အား ခရိုင်အဆင့်သတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ကချင်ပြည်နယ်သည် ရထားလမ်းတစ်ခုတည်းသာအားကိုးနေခဲ့ရာမှ ယခုရွှေဘို-မြစ်ကြီးနား ကားလမ်းဖြင့် တောက်လျှောက်သွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းမှတစ်ဆင့် မြစ်ကြီးနားမှ မန္တလေးသို့ အချိန်တိုအတွင်း သွားရောက်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေး စီမံကိန်း (၃)ရပ်နှင့်အညီ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၌ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ဒီဂရီကောလိပ်နှင့် ဆေးရုံအဆင့်မြှင့်ပေးခြင်း စသည်များ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးသည့်နည်းတူ ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ကြိုးပမ်းကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် အဓိကဖြစ်၍ ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ စပါးမစိုက်နိုင်သည့်နေရာများတွင် ရော်ဘာကို စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ သို့မှသာ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ခုတင်(၁၀၀)ဆံ့

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ သားဖွားခန်း၊ အီးစီဂျီခန်း၊ ကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးဒေါက်တာတင်ဝင်းက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ဆောင်ရှိ အမျိုးသမီးခွဲစိတ်ကုသဆောင်၊ သီးသန့်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် သွားရောဂါကုဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

မိုးညှင်းဒီဂရီကောလိပ်

ထိုမှတစ်ဆင့် ညနေ ၃နာရီတွင် မိုးညှင်းဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကောလိပ်အဝင်လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် သင်ကြားသင်ယူမှု အခြေအနေများကို မေးမြန်းရာ ကျောင်းအုပ်ကြီးဦးသန်းညွှန့်က ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၁၅မိနစ်တွင် မိုးညှင်းမြို့ ညောင်ကိုင်းကျေးရွာရှိ တောင်သူဦးကြာရွှေ၏ ရော်ဘာစိုက်ဧက ၁၂၅ ဧက အနက် ၉၇ဧကတွင် စိုက်ပျိုးထားသော ခုနစ်နှစ်သားရော်ဘာပင်များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ➪

ပြည်နယ်နှင့်တိုင်းအဆင့်များတွင် ကြိုတင်လေ့ကျင့်ပြင်ဆင် ပြိုင်ပွဲကျင်းပ ယှဉ်ပြိုင်မှုများ အားရဖွယ်ဆောင်ရွက်နေ

❀ ရှေ့ဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ခုနှစ်မှစတင်၍ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလာခဲ့ရာမှာ ယခုအကြိမ်ဆိုလျှင် တေရသမအကြိမ်(၁၃ကြိမ်)မြောက်ခဲ့ပြီဖြစ်သဖြင့် လုပ်ငန်းအတွေ့အကြုံများလည်း များစွာရရှိခဲ့ပြီဖြစ်ကြောင်း။

ယခုနှစ်ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များလည်း သတ်မှတ်တာဝန် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

ပညာရှင်ကြီးများအပိုင်းကလည်း ပြိုင်ပွဲဝင်များ စနစ်တကျနှင့် အနုပညာမြောက်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးကြပ် ကြပ်မတ်ပေးကြပါရန် မေတ္တာရပ်ခံလိုကြောင်း၊ ကော်မတီအသီးသီးကလည်း ပူးပေါင်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

အကဲဖြတ်ဒိုင် အဖွဲ့ဝင်များကလည်း ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းကင်းစင်စွာဖြင့် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိတရားလေးပါး ရှောင်ရှားလျက် ဖြောင့်မတ်စွာ ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူမှုရေးဦးတည်ချက်(၄)ရပ်အနက်-

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြိုင်ပွဲကျင်းပရေးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်လျက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ကျင်းပ၍ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် စီမံပေးခဲ့ပြီးနောက် ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုဆိုလျှင် ပြည်နယ်နှင့် တိုင်းအဆင့်များတွင် ကြိုတင်လေ့ကျင့် ပြင်ဆင်မှုများ၊ ပြည်နယ်၊ တိုင်းအဆင့်ပြိုင်ပွဲ ကျင်းပယှဉ်ပြိုင်မှုများကို အားရကျေနပ်ဖွယ် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခုနှစ် အောက်တိုဘာလ လဆန်းပိုင်းတွင် စတင်ကျင်းပမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ ရောက်ရှိလာကြမည့် ပြိုင်ပွဲဝင်များအားလုံး အဆင်ပြေချောမွေ့ စိတ်အေးချမ်းမြေ့စွာ နေထိုင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက အစစ လစ်ဟင်းမှု မရှိစေရအောင် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

- **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊**

ဆိုသည့် ဦးတည်ချက်(၃)ရပ် အောင်မြင်ပြည့်မြောက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် တာဝန်ရှိသူအားလုံးက ပြိုင်ပွဲကြီး စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပဏာမပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဦးတည်ချက်(၃)ရပ် အောင်မြင်ပြည့်မြောက်ရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူမှုရေးဦးတည်ချက်(၄)ရပ်အနက်-

- **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**

ဆိုသည့် ဦးတည်ချက်(၃)ရပ် အောင်မြင်ပြည့်မြောက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေ။

ပညာရှင်ကြီးများ အပို
ပြိုင်ပွဲဝင်များ စနစ်တကျနှင့်
မြောက်စွာ ပါဝင်ယှဉ်ပြိုင်နိုင်
ကြီးကြပ်ကြပ်မတ်ပေးကြပါ
ရပ်ခံလို၊ ကော်မတီအသီးသ
ပူးပေါင်းညှိနှိုင်း ပေါင်းစပ်
ပေးကြရန်လိုအပ်၊
အကဲဖြတ်ဒိုင် အဖွဲ့ဝင်မျ
ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်
စွာဖြင့် ဆန္ဒာ၊ ဒေါသ၊ ဘယ
အဂတိတရားလေးပါး ရှော
ဖြောင့်မတ်စွာ ဆောင်ရွက်
မေတ္တာရပ်ခံလို။

ပြိုင်ပွဲဝင်များ အ
ဦးစီးကော်မတီ၊ လုပ်င

ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်
(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊
ရည်ရွယ်ချက်(၇)ရပ်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး
ကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ ညှိနှိုင်းအစ
မပြတ် ပြုလုပ်ဆောင်ရွက်ပြီးစီးမှု၊ အနုသုခုမပညာ အ
တိုင်းများသို့ အနုပညာရှင်ကြီးများ၊ အနုပညာဦးစီ
သွားရောက်၍ အဆို၊ အက၊ အရေး၊ အတီးပညာမျာ
ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွ
ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အ
တင့်ဆန်းက ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအ
ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်
ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသ

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္က
ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းက ပြိုင်ပွဲကျင်းပမည့်က
နေရာများ၊ ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာ
ရပ်သေးပြိုင်ပွဲ(ပညာရှင်အဆင့်)အတွက် မင်းကုသဇာ
ပြိုင်ပွဲအတွက် ဝိဓူရဇာတ်တော် သတ်မှတ်ထားမှု၊ အ
များအတွက် ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့် သီချ
လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေ
တင်ပြသည်။

ထို့နောက် ပြိုင်ပွဲဝင် စိစစ်ရေးဆပ်ကော်မတီ၊ ဖ
နေရာချထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့်
ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး
ရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အ
ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ
မတီနှင့် လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီများမှ တာ
အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မ
ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်
အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်
အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်း
လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှ
ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လု
ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ

ပညာရှင်ကြီးများ အပိုင်းကလည်း ပြိုင်ပွဲဝင်များ စနစ်တကျနှင့် အနုပညာမြောက်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြီးကြပ် ကြပ်မတ်ပေးကြပါရန် မေတ္တာရပ်ခံလို၊ ကော်မတီအသီးသီးကလည်း ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုအပ်၊

အကဲဖြတ်ဒိုင် အဖွဲ့ဝင်များကလည်း ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်း ကင်းစင်စွာဖြင့် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိတရားလေးပါး ရှောင်ရှားလျက် ဖြောင့်မတ်စွာ ဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံလို။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြိုင်ပွဲဝင်များ အဆင်ပြေချောမွေ့ စိတ်ချမ်းမြေ့စွာ နေထိုင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက လစ်ဟင်းမှုမရှိအောင် စီမံဆောင်ရွက်

ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်(၇)ရပ်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ ကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ ညှိနှိုင်းအစည်းအဝေးများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ပြီးစီးမှု၊ အနုသုခုမပညာ အားနည်းသည့် ပြည်နယ်၊ တိုင်းများသို့ အနုပညာရှင်ကြီးများ၊ အနုပညာဦးစီးဌာနမှ နည်းပြများ သွားရောက်၍ အဆို၊ အက၊ အရေး၊ အတီးပညာများ သင်ကြားပေးခဲ့မှုများ၊ ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး တင့်ဆန်းက ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းက ပြိုင်ပွဲကျင်းပမည့်ကာလ၊ ပြိုင်ပွဲကျင်းပမည့်နေရာများ၊ ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များကိုလည်းကောင်း၊ ရုပ်သေးပြိုင်ပွဲ(ပညာရှင်အဆင့်)အတွက် မင်းကုသဇာတ်တော်၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ဝိဓုရဇာတ်တော် သတ်မှတ်ထားမှု၊ အဆိုပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့် သီချင်းများနှင့် စပ်လျဉ်း၍လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲဝင် စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များဖြစ်ကြသည့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှ ပညာရှင်များကလည်း ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေး ညှိနှိုင်းကြသည်။

ယင်းနောက် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြိုင်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရွေးချယ်

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အသုံးပြုမည့် ပိုစတာများ၊ ပို့စကတ်များ၊ လက်ကမ်းစာစောင်များ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲခန်းမများ၌ အသုံးပြုမည့် နောက်ခံဒီဇိုင်းပုံစံ၊ ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားတို့၏ နောက်ခံဒီဇိုင်းပုံစံ၊ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား၌ အသုံးပြုမည့် ခန်းမနောက်ခံ ဒီဇိုင်းပုံစံများကိုလည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီက အသုံးပြုမည့် ကြိုဆိုနှုတ်ဆက်ပွဲဖိတ်ကြားလွှာ၊ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ၊ ဂုဏ်ပြုညစာစားပွဲ ဖိတ်ကြားလွှာနှင့် ရင်ထိုးတံဆိပ် နမူနာပုံစံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အပြီးသတ်အတည်ပြု ရွေးချယ်ကြသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၅ (သောကြာနေ့)

၁၃၆၇ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရုပ်သွင်တေးနယ်
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ သာကေတ) အမျိုးသမီးဝတ်ရွတ်အဖွဲ့
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ၊)(ရူပဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၅ ၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)**
- ၅:၃၀ ၇။ စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ (အပိုင်း-၁)
- ၅:၄၅ ၈။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၅:၅၅ ၉။ သုတစုံလင်ရွှေညာဏ်ရှင်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၁၈)**
- ၇:၄၀ ၁၃။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပန်းလှိုင်တံတားနှင့်တွံတေးတံတား စီမံကိန်းလုပ်ငန်းများစစ်ဆေး
တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် စီမံကိန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ဆွေတို့က တံတားတည်ဆောက်ပြီးစီးမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တံတားကြီး မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပန်းလှိုင်တံတားသည် လှိုင်သာယာ–ဒလ–တွံတေးလမ်းပေါ်၌ တည်ရှိပြီး ပန်းလှိုင်မြစ်ကိုဖြတ်၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်မှ ပန်းလှိုင်မြစ်ကိုဖြတ်၍ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းရှိ ဒေးဒရဲမြို့မှတစ်ဆင့် လမ်းကွန်ရက်များအတိုင်း ပုသိမ်မြို့အထိ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည်လှိုင်သာယာစက်မှုဇုန်အမှတ်(၅)လမ်းမကြီးမှ ဒလ–တွံတေးကားလမ်းသို့ ဆက်သွယ်ထားသည့် အရှည် ၁၁မိုင် တစ်ဖာလုံရှိ လှိုင်သာယာ–ဒလ–တွံတေး ကားလမ်းနှင့်အဆိုပါကားလမ်းနှင့် ကားလမ်းဘေးရှိ ခလောက်ချိုင့် ကျေးရွာအုပ်စု တမာကလော့ချောင်းဝ ကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၄၀၀၀ ရှိ မြေသားလမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ–ဒလ–တွံတေး ကားလမ်းကိုဖြတ်၍ တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာအနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တည်ဆောက်လျက်ရှိသည့် တွံတေး တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းသို့ရောက်ရှိပြီး တံတားကြီးထိန်းခုံနှင့် ပင်မတံတားတာဝါတိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက လှိုင်သာယာ–ဒလ–တွံတေးလမ်းကို ကျောက်ချောလမ်းခင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပန်းလှိုင်တံတားတည်ဆောက်ရေး စီမံကိန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ဆွေက ပန်းလှိုင်တံတားတည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေနှင့် ဆေးသုတ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က ကြိုးထိန်းတုံး ကိုယ်ထည်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပင်မတာဝါတိုင်RCD ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ Pre Cast Pile Driving လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လုပ်ငန်းအမြန်ပြီးစီးရေး ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

သံမဏိကြိုးဆိုင်းတံတား

တွံတေးတံတားသည် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာအနီး တွံတေးတူးမြောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် တံတားဖြစ်သည်။ ပင်မတံတား အရှည်ပေ ၈၄၀၊ချဉ်းကပ်တံတားအရှည်ပေ ၂၇၃၀ စုစုပေါင်းအရှည်ပေ ၃၅၇၀ နှင့် ယာဉ်သွားလမ်း အကျယ်(နှစ်လမ်းသွား) ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိသည့် သံကူကွန်ကရစ် သံမဏိကြိုးဆိုင်းတံတားဖြစ်သည်။ တံတားတည်ဆောက်မှု စီမံကိန်းကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တံတားတည်ဆောက်ပြီးစီးသွားပါက တန် ၆၀ ခံနိုင်ဝန်ရှိမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကွမ်းခြံကုန်းမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကော့မှူး–ကွမ်းခြံကုန်းလမ်းဘေးရှိ စည်ပင်သာယာရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် အမြင့် ၅၃ပေရှိ ရေဂါလန် ၁၂၀၀၀ဆံ့ ကွန်ကရစ်ရေလှောင်ကန်နှင့် တစ်နာရီ ရေဂါလန် ၈၀၀၀ထွက်ရှိသည့် ခြောက်လက်မ စက်ရေတွင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်က မြို့နေ ပြည်သူလူထုအတွက် အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုးစပါးအထူးဇုန်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် ကမာပါ ကျေးရွာအနီး မိုးစပါးပန်းတိုင် အထွက်နှုန်း အထူးဇုန်ဧက ၁၀၀၀အတွင်း ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် စပါးမျိုးများဖြစ်သော ဆင်းသွယ်လတ် ရွှေဘို(၁)၊ ရွှေမြန်မာ၊ မနောသုခစပါးမျိုးများ အထွက်နှုန်း ယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးထားမှုကို လည်းကောင်း၊ စပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေသြဇာ တစ်အိတ်နှင့် သဘာဝမြေသြဇာ သုံးအိတ် ရောစပ်ကြဲပက်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးစိုက်ပျိုးရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများက ဒေသ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

သောက်သုံးရေရရှိစေရေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကော့မှူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေရရှိစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး သားဖွားဆောင်၊ လူနာဆောင်၊ဆေးသိုလှောင်ခန်း၊ဓာတ်ခွဲခန်း၊ခွဲစိတ်ခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးဒေါက်တာစောလွင်ကလိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကဘင်းချောင်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၏ လယ်မြေအတွင်း စပါးတစ်မိုး နှစ်သီး စိုက်ခင်း၊ ပထမစပါးရိတ်သိမ်းနေမှု၊ ဒုတိယစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုနှင့် စိုက်ပျိုးနေမှုတို့ကို လည်းကောင်း၊ တွံတေးမြို့နယ် ကံဘဲ့ကျေးရွာအုပ်စု ကဘင်းရွာအနီးရှိ ကဘင်းချောင်း တိုးချဲ့တူးဖော်မည့် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂)တွင် ၁၉၆၃–၆၄–၆၅–၆၆ ခုနှစ်များ၌ ပထမနှစ်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် ဒေါက်တာ ဦးစိုးမင်းသိန်း ဖုန်း – ၀၁–၂၉၃၉၆၃၊ ဒေါက်တာအေးအေးမြင့် – ၀၉–၅၀–၁၈၃၉၀၊ ဒေါက်တာခင်မျိုးချစ် ဖုန်း –၀၁–၅၄၆၀၇၄၊ဒေါက်တာလှစီကျော်မြ ဖုန်း–၀၉၅၀၀–၄၇၂၅နှင့် ဒုတိယဗိုလ်မှူးကြီး ခင်မောင်မောင်သန်း–၀၉၈၀– ၃၀၅၃၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က–ပ)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နေ့ဆွမ်းဆက်ကပ်၊ လှူဖွယ်ပစ္စည်းလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော်များအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နာယကချုပ်ဆရာတော်အား ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လှူဒါန်းသော တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ်နှစ်သိန်းနှစ်သောင်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဦးက လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပရိသတ်များက နာယကချုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြို့နယ်မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ တပ်သားများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ လက်ဝှေ့အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြမှူးက ပြိုင်ပွဲဝင် လက်ဝှေ့ အားကစားသမားများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် မြန်မာ့လက်ဝှေ့အားကစားသမားများသည် အာရှအားကစားပြိုင်ပွဲနှင့် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည့် အစဉ်အလာရှိကြောင်း၊ အဆိုပါလက်ဝှေ့အားကစားသမားများတွင် တပ်မတော်သား လက်ဝှေ့အားကစားသမား အများစု ပါဝင်ခဲ့ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေပြီး၊ အမျိုးသားရေး ဂုဏ်သိက္ခာကိုမြှင့်တင်ရာရောက်သဖြင့် လက်ဝှေ့အားကစား၏ အောင်မြင်မှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်းနှင့် အားကစား အောင်မြင်မှုသည် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟုအလေးအနက်ခံယူပြီး တိုင်းအဆင့်မှ တပ်မတော် လက်ရွေးစင်၊ နိုင်ငံလက်ရွေးစင် အဆင့် အားကစားသမားများဖြစ်လာအောင် ဖွဲ့လုံ့လ၊ဝီရိယကို အခြေခံကာ စွမ်းစွမ်းတမံ ကြိုးစားကြစေလိုကြောင်း ဖြင့် ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပင်းဝိတ် (လူသစ်တန်း)နှင့် လိုက်ဖလိုင်းဝိတ် (လူသစ်တန်း) ယှဉ်ပြိုင်ထိုးသတ်မှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိတပ်နယ်များ၊ တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၁သင်း၊ အားကစားသမား ၁၂၁ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်အထိ လှိုင်မြို့နယ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် ပညာရေးအဖွဲ့ခွဲ၊ ကျန်းမာရေးအဖွဲ့ခွဲတို့မှ အဖွဲ့ဝင်များ လူတိုင်းအကျုံးဝင် ပညာရေးကို အထောက်အကူပြုသောအားဖြင့် မျက်မမြင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ယူလျက်ရှိကြသည့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံ ပညာ အထက်တန်းကျောင်းသို့ သင်ယူမှုအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ ခဲတံ၊ ကက်ဆက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူတိုင်းအကျုံးဝင် ပညာရေးဗဟိုဌာန ဖွင့်လှစ်ရန် စီစဉ်နေ

✱ မသန်စွမ်းမှုမှ

မျက်မမြင်ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကက်ဆက်တစ်လုံးစီ၊ ကက်ဆက်ခွေနှင့် ဆက်စပ်ပစ္စည်းတစ်စုံစီတို့ကို တစ်ဦးချင်းပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မျက်မမြင်ကျောင်းသူတစ်ဦးက ဝမ်းပန်းတသာကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အခြေခံပညာသင်ယူလျက်ရှိသည့် နားမကြားသောကျောင်းသား၊ ကျောင်းသူ ၆၁ ဦးတို့အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ဗလာစာအုပ် ဒါဇင် ၁၀၀နှင့် ခဲတံဒါဇင် ၁၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နားမကြားသော ကျောင်းသူတစ်ဦးက ဝမ်းပန်းတသာကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ငွေပဒေသာပင်လှူဒါန်း

အဆိုပါ သင်ယူမှုအထောက်အကူပြုပစ္စည်းများလှူဒါန်းပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ ခဝဲခြံ မျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်းများအတွက် ငွေပဒေသာပင်များကိုလည်း ပေးအပ်လှူဒါန်းကြသည်။

လူတိုင်း အကျုံးဝင်ပညာရေး၏ အကျိုးကျေးဇူးကြောင့် အသက်ငါးနှစ်မှ ၁၅နှစ်အရွယ် ကိုယ်လက် အင်္ဂါမသန်စွမ်းသူ ၅၆၀၆ဦးတို့ ပညာသင်ကြားခွင့်ရရှိပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ကိုယ်လက်အင်္ဂါမသန်စွမ်း ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြရာ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးအပါအဝင် ၁၃ ဦး အောင်မြင်ခဲ့ကြောင်းသိရှိရသည်။

ကြည့်ရှုခဲ့

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ မကြာမီ ဖွင့်လှစ်မည့် လူတိုင်းအကျုံးဝင် ပညာရေးဗဟိုဌာနကို ကြည့်ရှုကြသည်။

နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး၏ ပညာရည်တိုးတက်မြင့်မားရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်တွင် စာတတ်မြောက်နှုန်း ၉၄ ဒသမ ၁ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပြီး မသန်စွမ်းမှုကြောင့် ပညာသင်ယူရန် အခက်အခဲရှိသူများကိုပါ မကျန်လပ်စေရန် အစီအစဉ်ကိုဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းအစီအစဉ်ကို ဆက်လက်တိုးချဲ့နိုင်ရန်ရည်ရွယ်၍ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လူတိုင်းအကျုံးဝင်ပညာရေးဗဟိုဌာနကိုဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၇ မှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ညောင်ကိုင်းကျေးရွာရှိ ဒေါ်မွန်မွန်လတ်၏ ရော်ဘာစိုက်ဧက ၅၀၀အနက် ၂၀၃ဧက၌ စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်းဆောင်၌ တောင်သူဦးကြာရွှေက တစ်ဧကကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှု၊ အစေ့ထုတ်လုပ်မှု၊ ရော်ဘာပြားထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရော်ဘာစိုက်လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာစိုက်ခင်းများ၏ လုံခြုံရေး၊ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဒေသတာဝန်ရှိသူများက ဆောင်ရွက်ပေးရေး ရှင်းလင်းမှာကြားပြီး ရော်ဘာစိုက်တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရော်ဘာစိုက်ခင်းအတွင်း ရော်ဘာစေး ခြစ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရော်ဘာကြိတ်စက်ရုံမှ ရော်ဘာကြိတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး မိုးညှင်းမြို့၌ ညအိပ်ရပ်နားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယင်းနေ့နံနက် ၆နာရီ မိနစ်၅၀ တွင် မိုးကောင်းတပ်နယ်ခန်းမ၌ မိုးကောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား လည်းကောင်း၊ နံနက် ၁၀နာရီတွင် ဟိုပင်မြို့ နယ်မြေခံ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှအရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားလည်းကောင်း တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ အရာရှိ၊စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောလွင် ပုဂ္ဂလိကရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်အတူ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ခရမ့်ရော်ဘာစက်ရုံသို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ပုဂ္ဂလိကရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ခရမ့်ရော်ဘာစက်ရုံ၏ထုတ်လုပ်မှုနှင့် ရော်ဘာကုန်ကြမ်းများ ရရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံ ပုဂ္ဂလိကရော်ဘာလုပ်ငန်းရှင်များအနေဖြင့် ခရမ့်ရော်ဘာစက်ရုံ တိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရော်ဘာစိုက်ဧကတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ခရမ့်ရော်ဘာစက်ရုံ၏ ထုတ်လုပ်မှုများတိုးမြင့်လာရန် လိုအပ်သည့် ရော်ဘာကုန်ကြမ်းများကို စက်ရုံသို့ပေးသွင်းရေးတို့ကို မှာကြားသည်။

ထို့နောက် ပုဂ္ဂလိကရော်ဘာလုပ်ငန်းရှင်များက မိမိတို့စိုက်ပျိုးလျက်ရှိသည့် ရော်ဘာစိုက်ဧက၊ ရော်ဘာပစ္စည်းများ ထုတ်လုပ်မှုအခြေအနေတို့ကို တင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့က တင်ပြချက်များအပေါ် ညှိနှိုင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား ညနေပိုင်းတွင် ခရမ့်ရော်ဘာစက်ရုံ၏ရှင်းလင်းဆောင်၌ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ မန်နေဂျာ ဦးမြမိုးက ခရမ့်ရော်ဘာစက်ရုံ၏ ထုတ်လုပ်မှု အခြေအနေနှင့် ပုဂ္ဂလိက ရော်ဘာလုပ်ငန်းရှင်များထံမှ ပေးသွင်းသည့် ရော်ဘာကုန်ကြမ်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ခရမ့်ရော်ဘာ စက်ရုံအတွင်း ရော်ဘာထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရော်ဘာထုတ်ကုန်များ လျာထားချက်ထက်ကျော်လွန်ထွက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ရော်ဘာပင်သစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ပုဂ္ဂလိက ရော်ဘာလုပ်ငန်းရှင်များထံမှ ရော်ဘာကုန်ကြမ်းများကို ညှိနှိုင်းဝယ်ယူရေး၊ အလေအလွင့်နည်းပါးရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊အမှတ်(၉)ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၅

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာ ဇောတ၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊မောင်ကောင်းယဉ်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဇေယျာအောင်၊ ကြက်ခြေနီ ကြည်ကြည်၊ ဒေါ်အေးတင်(ပြန်/ဆက် တနင်္သာရီ)၊ မောင်မောင်ကျော်ယဉ်(ဆည်လောင်း)၊ မရွှေမုံ၊ ဆန်းလှယဉ်မွေး (ဓါးကုန်း)၊ မင်းသွေးနွယ် (စည်ပင်)၊ မောင်ကျန်းမာ(မကြီးကုန်းကြီး)၊ ကနောင်မောင်မောင်၊ ရွှေနဂါးတင်ဝင်း၊ ဒေါက်တာသန်းအေး (မွေး/ကုဦးစီး)၊ ရာဇာ(ဘိုကလေး)၊ ခင်ဇော်(ဓာတ်ပုံ)၊ မင်းသူ့ကျော်၊ နောင်စိုးရီ၊ မောင်ဝါသနာ၊ မောင်မောင်စန်းလွင်၊မွေးမြူယောကျ်ားတို့၏ သုတ၊ ရသ ဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍ၊ မြသီတာသန်းတင်၊ မြစိုးလွင်၊ လင်းယုနောင်(မင်းဘူး)တို့၏ ကဗျာများ၊ ရုပ်ရှင်/ဗီဒီယိုအညွှန်း၊ ကာတွန်း၊ အားကစားကဏ္ဍ၊ မိုးလေဝသသတင်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားလေ့ကျင့်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဂူရှူး အားကစား မောင်မယ်များ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားလေ့ကျင့်ရေး ဝတ်စုံများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ရောက်ရှိပြီး (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကရာတေးဒို လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်နေကြသော မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားမောင်မယ်များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အားကစား လေ့ကျင့်ရေးဝတ်စုံများကို ပေးအပ်သည်။

ဝန်ကြီးသည် ညနေ ၄နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၇) နှစ်နှင့်အောက် လူငယ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တာဝန်ခံ နာယကများ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံး အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင် လူငယ်ဘောလုံးသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ညနေ ၄နာရီ ၂၅မိနစ်တွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ လေ့ကျင့်နေသော (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဂူရှူး အားကစားမောင်မယ်များအား အားကစားလေ့ကျင့်ရေး ဝတ်စုံများ ပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

ဓမ္မဒူတ အရှင်ဆေကိန္ဒ တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း တာမွေအဝိုင်းထိပ်အနီး အောင်ချမ်းသာအိမ်ရာ တိုက်(၉) ရှိ အောင်ချမ်းသာ သာသနာနုဂ္ဂဟဓမ္မာရုံတော်၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၂နာရီတွင် သံဃာတော် အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားလျက်ရှိသည်။ ယခုလာမည့် ဥပုသ်နေ့ စက်တင်ဘာ၁၇ရက် (စနေနေ့)တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာနမှ ကထိက အဆောင်မှူး ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ (M.A). A.G.T.I (Civil) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ဝါတွင်းတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့ တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ၁၄၈ လမ်း အောင်ဓမ္မာရုံ၌ ဝါတွင်း တရားပွဲအဖြစ် စက်တင်ဘာ ၁၇ရက် (စနေနေ့) ည ၇နာရီတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၏တပည့် ဓမ္မဒူတ အရှင်စန္ဒောဒယအရှင်သူမြတ်က တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာ နိုင်ငံ စာရင်း ကောင်စီ အဖွဲ့ဝင် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်သူများ နှင့် အတူ တွေ့ရစဉ်။
(စာရင်းစစ်ချုပ်ရုံး)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ဂန့်ဂေါမြို့နယ် ရုံးရှီရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ကျောင်းသား၊ ကျောင်းသူများ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက ကျေးလက် စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

တောင်ငူအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

တောင်ငူအသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကို စက်တင်ဘာ၂၅ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း၊ ဓမ္မသုခတိုက် ဇေယျာအောင်မြေကျောင်း၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲများအတွက် အသင်းဝင်မိသားစုများ၏ အသက် (၇၅)နှစ်မှ အထက် စာရင်းနှင့် ၂၀၀၃–၂၀၀၄၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းများကို စက်တင်ဘာ ၂၃ရက် နောက်ဆုံးထားပြီး ဦးထွန်းထွန်း ဖုန်း–၅၄၃၉၅၈၊ ၀၉–၅၀၀–၁၉၀၃၊ ဦးတင်လှ ဖုန်း–၇၂၂၇၈၅၊ ဒေါ်မြင့်မြင့်စန်း ဖုန်း–၇၀၀၂၈၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ (က–ပ)

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၅

ယမန်နေ့က ထိုင်းနိုင်ငံပေါ်မှ အနောက်ဘက်သို့ ရွေ့လျားခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တွင် အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသပေါ်သို့ရောက်ရှိကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နာရီအနည်းငယ်အတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မုတ္တမပင်လယ်ကွေ့၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံစာရင်းကိုင် အစည်းအဝေးတက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပမည့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ (၈၄)ကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဦးကျော်ဟိုးလည်း လိုက်ပါသွားသည်။

(သတင်းစဉ်)

မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် လမ်းရေကျော်မှုများ ဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၅

မကွေးတိုင်း ဆောမြို့နယ်ကျောက်ထုမြို့၌ စက်တင်ဘာ ၁၀ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ထု–ထီးလင်းကားလမ်းရှိ ကြီးချောင်းတံတားသည် စက်တင်ဘာ ၁၂ရက်တွင် ချောင်းရေတိုက်စား မျောပါသွားခဲ့သည်။ အလားတူ ကျောက်ထု–ထီးလင်းကားလမ်း မိုင်တိုင် အမှတ် (၄/၃) တစ်ဝိုက်၌လည်း မြေပြိုမှုနှင့် လမ်းရေကျော်မှုများ ဖြစ်ပွားခဲ့သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ကျောက်ထု–ထီးလင်းကားလမ်းကို ယာဉ်သွားလာမှု အဆင်ပြေစေရန်နှင့် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ဆောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြုပြင်ရှင်းလင်း

ထို့အတူ တနင်္သာရီတိုင်း မြိတ်မြို့၌ စက်တင်ဘာ ၁၃ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး စက်တင်ဘာ ၁၄ရက်တွင် တစ်နေကုန် မိုးသည်းထန်စွာရွာ သွန်းခဲ့သဖြင့် မြိတ်–တနင်္သာရီ ကားလမ်း၏ မိုင်တိုင် အမှတ် ၃၁ မိုင် နှစ်ဖာလုံ၊ ၄၅ မိုင် ငါးဖာလုံနှင့် ၄၈မိုင် ခြောက်ဖာလုံတို့တစ်ဝိုက်၌ ရေကျော်မှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့မှုကြောင့် နယ်မြေခံတပ်နယ်မှ နည်းဗျူဟာမှူးနှင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများက လမ်းပိတ်ဆို့မှုများကို ပြုပြင်ရှင်းလင်းလျက်ရှိသည်။

အလားတူ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ပုလောမြို့နယ် ကျောက်ကာကျေးရွာ၌ တောင်နံရံမြေပြိုကျမှု ဖြစ်ပွားခဲ့ရာ လူအချို့ သေကျေဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့ ပျက်စီးမှုများရှိခဲ့သည်။

ကယ်ဆယ်

အဆိုပါ မြေပြိုပျက်စီးမှုနှင့်စပ်လျဉ်း၍ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၉–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - Privatization & FDI in Myanmar
  (ပထမနှစ်– စီးပွားရေးပညာ)
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း–၁၈)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း–၁၄)**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

တရုတ်ဘုန်းတော်ကြီး Neng Xiu ထံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဗုဒ္ဓမြတ်စွာဘုရားဘွဲ့တော်ပါ ကမ္ပည်းကြေးမော်ကွန်းကို ပေးအပ်စဉ်။ (၁၉)

တရုတ်နိုင်ငံ ရောင်ဇူးဗုဒ္ဓဘာသာ တက္ကသိုလ်သို့ စကျင်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောင်ဇူးဗုဒ္ဓဘာသာတက္ကသိုလ်တွင် တည်ထားကိုးကွယ်ရန်အတွက် ဉာဏ်တော် ခုနစ်ပေအမြင့်ရှိ စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် မတ်ရပ်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ လှူဒါန်းပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ယနေ့နံနက် ၁၀နာရီက ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တက်ရောက်ကြသည်။

ဗုဒ္ဓရုပ်ပွားတော် လှူဒါန်းပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူးဦးတင်စိုးနှင့် ဇနီး ဒေါ်ခင်သန်းဦး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဇနီး၊ ကော်မတီဝင်များနှင့် ဇနီးများ၊ ဌာနမှူးများနှင့် ဇနီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yangzhou Political Consultative Committee မှ Vice Chairman Mr. Zhu Fusheng ဦးဆောင်သည့် အဖွဲ့ဝင်ငါးဦး တက်ရောက်ကြသည်။

ဗုဒ္ဓရုပ်ပွားတော်လှူဒါန်းပွဲအခမ်းအနားတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တရုတ်ဘုန်းတော်ကြီး Neng Xiu ထံ စန္ဒိတြမုဒြာမြတ်စွာဘုရားဘွဲ့တော်ပါ ကမ္ပည်းကြေးမော်ကွန်းကိုပေးအပ်ပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဗုဒ္ဓရုပ်ပွားတော်နှင့် ပတ်သက်သည့် လွှဲပြောင်းပူဇော်ခွင့် မော်ကွန်းစာအုပ်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။(၁၉)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောင်ဇူး ဗုဒ္ဓဘာသာ တက္ကသိုလ် တွင် တည်ထား ကိုးကွယ်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လှူဒါန်းသော စကျင်ကျောက်ဖြင့် ထုလုပ် ထားသည့် ဗုဒ္ဓ ရုပ်ပွားတော် အား ဖူးတွေ့ရစဉ်။ (၁၉)

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ် ဖြေဆိုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ကာကွယ်ရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ဒုတိယလေးလပတ် စစ်သည်တော်ကျင့်ဝတ်ဖြေဆိုပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ကုန်းမြင့်သာခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖြေဆိုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ရုံးဌာနအသီးသီးမှ အရာရှိအဆင့်တွင် ၃၂ဦး၊ အရာခံအဆင့်တွင် ၄၇ဦး၊ အကြပ်အဆင့်တွင် ၅၈ဦးနှင့် တပ်သားအဆင့်တွင် ၃၂ဦး စုစုပေါင်း ၁၆၉ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ဒုတိယလေးလပတ် စစ်သည်တော် ကျင့်ဝတ်ဖြေဆိုပွဲကို ကာကွယ်ရေးဝန်ကြီးဌာန ကုန်းမြင့်သာခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။(သတင်းစဉ်)

စာပေဗိမာန်ပြည်သူ့လက်စွဲစာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၀ပြည့်နှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဒုတိယဆုရ ထွန်းအောင်ကျော်၏ မြန်မာနိုင်ငံ မြေအသုံးချမှုနှင့် (၂၁)ရာစု စာအုပ်၊ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ နန်းမိုးစောအောင်၏ အောင်မြင်ခြင်းအတူတူနှင့် အခြားဝတ္ထုတိုများ စာအုပ်နှင့် ၂၀၀၃ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သိန်းဇော် (ရွှေလီဦး)၏ မရွှေရီကျေနပ်ပြီလား ဝတ္ထုတိုများ စာအုပ်တို့ ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် စက်တင်ဘာ ၁၅

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေကာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ထိုင်းနိုင်ငံပေါ်မှ အနောက်ဘက်သို့ ရွေ့လျားခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန်တွင် အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသသို့ရောက်ရှိကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နာရီအနည်းငယ်အတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနိုင်သည်။

စက်တင်ဘာ ၁၆ရက်နေ့ ညနေအထိခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက် လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းနှင့် (ခ)အဆင့်ပြိုင်ပွဲများ အောက်တိုဘာ ၂၉ ရက် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

သတ္တမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာသိရီသုဓမ္မသင်္ဂီ၊ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့ဝင်များက ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပရန် ဆုံးဖြတ်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ လိုက်ဝေါလ်တာဝိတ်တန်း၊ ဝေါလ်တာဝိတ်တန်း၊ လိုက်မစ်ဒယ်ဝိတ်တန်း၊ မစ်ဒယ်ဝိတ်တန်းများ ပါဝင်မည်ဖြစ်သည်။

လူသစ်တန်းနှင့် (ခ)အဆင့်ပြိုင်ပွဲများကို သီးခြားဒိုင်းဆု သတ်မှတ်၍ ချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် ပြည်နယ်၊တိုင်းများအနေဖြင့် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ (ကြေးမုံ)

ချောက်မြို့ တပင်ရွှေထီးလမ်း ဈေးရပ် အမှတ်(၁၅၀)နေ ဦးချွန်ယုံ၏ (၉၆)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေဦးအထက(၁) ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်း ရေဦးမြို့ အမှတ်(၁) အထက၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်နှင့်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃ရက်နှင့် ၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွှေရတုအထိမ်းအမှတ် အတွက်လည်းကောင်း၊ အာစရိယပူဇော်ပွဲအတွက်လည်းကောင်း ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးလှမြင့်အေး ကျောင်းအုပ်ကြီး အထက(၁) ရေဦး ဖုန်း-၀၇၅-၄၀၀၁၆၊ ဦးကျော်မြင့် ဖုန်း-၀၇၅-၄၀၀၈၉၊ ဦးကိုကိုကြီး ဖုန်း-၀၁-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း-၀၁-၆၆၁၇၂၆၊ ဦးဘဌေး ဖုန်း-၀၁-၃၈၂၈၂၇၊ ဦးခင်မောင်ဌေး ဖုန်း-၀၁-၅၂၆၇၉၁၊ ဗိုလ်မှူးကြီးဝင်းကြည် ဖုန်း-၀၁-၂၄၆၅၅၁၊ ဦးဘအုပ် ဖုန်း-၀၁-၇၀၃၃၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

သတိပေးနှိုးဆော်ချက်

ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့်ယာဉ်များသည် ယာယီမှတ်ပုံတင်သက်တမ်းကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ အပြီးဆောင်ရွက်ရပါမည်။ အဆိုပါယာဉ်များ ယာယီမှတ်ပုံတင်သက်တမ်းကျော်လွန်ပြီး အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်နေကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၆ရက်၌ ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် ဆာ မိုက်ကယ်ဆိုမာရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကောင်းတပ်နယ်အတွင်း ရော်ဘာစိုက်ခင်းနှင့် သီးညှပ်စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းကို မျှော်စင်ပေါ်မှ ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် မိုးကောင်း၊ဟိုပင်နှင့်မိုးညှင်းမြို့ ဒေသဖွံ့ဖြိုးမှု၊မိုးစပါးနှင့် ရော်ဘာစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် စက်တင်ဘာ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မိုးကောင်းမြို့အထွက် လမ်းဘေး ဝဲ ၊ယာ တစ်လျှောက်တွင် တစ်ဆက်တစ်စပ်တည်း အောင်မြင်ဖြစ်ထွန်းသော မိုးစပါးစိုက်ခင်းများနှင့် ရွှေဘို– မြစ်ကြီးနားလမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မသန်စွမ်းမှုကြောင့် ပညာသင်ယူရန် အခက်အခဲရှိသူများ မကျန်လပ်ရန်စီစဉ် လူတိုင်း အကျုံးဝင်ပညာရေးကြောင့် မသန်စွမ်းသူ ၅၆၀၆ ဦးတို့ ပညာသင်ခွင့်ရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့က မသန်စွမ်း ကျောင်းသား၊ကျောင်းသူများအား သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education) အစီအစဉ်ကို အထောက်အကူပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ရက် မွန်းလွဲပိုင်းတွင် မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက်ရှိကြသည့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ သင်ယူမှုအထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းနှင့် ဒသမတန်းတို့၌ ပညာသင်ကြားလျက်ရှိသည့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့် ပညာရေးအဖွဲ့ခွဲ၊ကျန်းမာရေးအဖွဲ့ခွဲတို့မှအဖွဲ့ဝင်များ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက်ရှိကြသည့် ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြစဉ်။ (သတင်းစဉ်)